mgyoe.com SAMPLE BOOK



# ဇော်ဂျီ

## သူတို့ညီနောင်နှင့် ကျွန်တော်

### ရသစာတမ်းများ

mgyoe.com

mgyoe.com
SAMPLE BOOK



အဖေကို သားက သတ်၍၊ အစ်ကိုကို ညီက သတ်၍၊ ဦးရီးကို တူက သတ်၍ ထီးနန်းကို ယူနိုင်လျှင် ရခွင့်ရှိသည်ဟူသော ထီးမွေနန်းမွေ ဆက်ခံရေး သဘောတရားကို ကမ္ဘာပေါ်တွင် မည်သူက စတင်ဖန်တီးခဲ့သည်ဟု ကျွန်တော် မသိပါ။ သို့ရာတွင် ထိုသဘောတရားကို နှစ်သက်လက်ခံခြင်းသည် ခေတ်ဆန်သည်၊ တိုးတက်သည်ဟု ယူဆထားကြလေသလား မသိ။ တကောင်းပြည်တွင် ထိုသဘောတရား ရှိနေနှင့်လေသည်။

mgyoe.com

mgyoe.com SAMPLE BOOK


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၄၀၁၂၂၉၀၉၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၄၀၀၂၁၃၀၂၁၂ |
| ပထမအကြိမ် | ဧပြီလ၊ ၂၀၁၂ ခုနှစ်။ |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသူ | ဦးမောင်မောင်<br>Wisdom House စာအုပ်တိုက်<br>အခန်း ၁၀၁၊ တိုက် ၁၁၉၁-၁၁၉၂၊<br>လက်ဝဲမင်းဒင်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊<br>တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးဇော်မြင့်ဝင်း၊ ကာလာဇုန်ပုံနှိပ်တိုက်၊<br>၁၈၄၊ ၃၁-လမ်း၊ ရန်ကုန်။ |
| မျက်နှာဖုံးဒီဇိုင်း | လင်းဝဏ္ဏ |
| အတွင်းအပြင်အဆင် | H. Lwin |
| တည်းဖြတ် | အေးကျော်မင်း |
| မျက်နှာဖုံးဖလင် | Eagle |
| အတွင်းဖလင် | ထက်အာကာကျော် |
| တန်ဖိုး | ကျပ် ၅၀၀၀ [illegible] |

၈၀၈. ၈၈

ဇော်ဂျီ

သူတို့ညီနောင်နှင့်ကျွန်တော် ရသစာတမ်းများ / ဇော်ဂျီ။-ရန်ကုန်၊
Wisdom House စာအုပ်တိုက်၊ ၂၀၁၂။

၁၄၅ စာ၊ ၁၃ × ၂၀. ၅ စင်တီ။

(၁) သူတို့ညီနောင်နှင့်ကျွန်တော် ရသစာတမ်းများ


mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


○ စီစဉ်သူ၏ ကျေးဇူးစကား — က
○ မင်းယုဝေ၏ အမှာစာ — ဂ
၁။ သူတို့ညီနောင်နှင့် ကျွန်တော် — ၁
၂။ ပုဂံမြို့ဟောင်းနှင့် ကျွန်တော် — ၉
၃။ တိုင်းပြည်ပြုလွှတ်တော်နှင့် ကျွန်တော် — ၁၉
၄။ ပြည်ထောင်စုနှင့် ကျွန်တော် — ၂၇
၅။ အမျိုးသားအောင်ပွဲနေ့နှင့် ကျွန်တော် — ၃၉
၆။ စာအုပ်စင်နှင့် ကျွန်တော် — ၄၅
၇။ ကဗျာဝိုင်း စာဝိုင်းနှင့် ကျွန်တော် — ၅၃
၈။ ရွှေပြည်စိုးနှင့် ကျွန်တော် — ၅၉
၉။ ဆေးရုံနှင့် ကျွန်တော် သို့မဟုတ် တတိယအတွေး — ၆၇
၁၀။ ကောက်ရိုးသင်္ခါရ သံသင်္ခါရ — ၇၉
၁၁။ နတ်ရှင်နောင်၏အပြုံး — ၈၇
၁၂။ ရိုက်စပီးယား၏ ဇာတိဌာန — ၉၅
၁၃။ အောက်စဖို့ တက္ကသိုလ်မြို့ — ၁၀၁
၁၄။ လန်ဒန်မြို့ ရုပ်တုများ — ၁၀၇
၁၅။ ရွှေဦးကျက်သရေ — ၁၁၃
○ ဆရာဇော်ဂျီနှင့် သူတို့ညီနောင် — ၁၂၁


mgyoe.com

mgyoe.com SAMPLE BOOK

# ဇော်ဂျီ

နာမည်အရင်းမှာ ဦးသိန်းဟန် ဖြစ်သည်။ အဖ ဦးယော၊ အမိ ဒေါ်စိန်ညွန့်တို့မှ ၁၉၀၇ ခုနှစ်၊ ဧပြီလ ၁၂ ရက် သောကြာနေ့တွင် ဖျာပုံမြို့၌ ဖွားမြင်ခဲ့သည်။

ငယ်စဉ်က ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ဖျာပုံ အမျိုးသားအထက်တန်းကျောင်းတို့တွင် ပညာသင်ခဲ့သည်။ နောင် ရန်ကုန်မြို့ရှိ အမျိုးသား အထက်တန်းကျောင်း၊ အစိုးရ အထောက်အပံ့ခံ မြို့မအထက်တန်းကျောင်းမှ အထက်တန်း အောင်မြင်၍ ရန်ကုန်တက္ကသိုလ်သို့ ရောက်သည်။ ၁၉၂၉ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ကို အင်္ဂလိပ်၊ မြန်မာ အရှေ့တိုင်းနိုင်ငံများသမိုင်း ဘာသာတွဲဖြင့် ရရှိခဲ့သည်။

၁၉၃၀ ခုနှစ် ရန်ကုန်တက္ကသိုလ်တွင် မြန်မာစာနည်းပြအဖြစ် သင်ကြားခဲ့ပြီး ၁၉၃၁-၃၄ ခုနှစ်အတွင်း မြို့မအမျိုးသား အထက်တန်းကျောင်းတွင် အထက်တန်းပြဆရာအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၃၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ အင်္ဂလိပ်စာနှင့် မြန်မာစာ နှစ်ဘာသာတွဲ ယူ၍ မဟာဝိဇ္ဇာ*(MA)*ဘွဲ့ကို ၁၉၃၆ ခုနှစ်တွင် ရခဲ့သည်။

၁၉၃၆-၃၈ ခုနှစ်၌ မန္တလေး ဥပစာ ကောလိပ် မြန်မာစာဌာနတွင် နည်းပြဆရာ တာဝန် ထမ်းဆောင်ခဲ့သည်။ ၁၉၃၈ ခုနှစ်တွင် စာကြည့်တိုက်ပညာ ဒီပလိုမာ ယူရန် အင်္ဂလန်နိုင်ငံသို့ သွားခဲ့သည်။ *London University* တွင် တက်ရင်း စစ်ဖြစ်လာသဖြင့် အိုင်ယာလန်ပြည် ဒပ်ဗလင်*(Dublin)*မြို့သို့ ကူးကာ စာကြည့်တိုက်ပညာ ဒီပလိုမာဘွဲ့ကို ရယူခဲ့သည်။ ၁၉၄၁ ခုနှစ်တွင် ရန်ကုန်သို့ ပြန်ရောက်လာပြီး ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်၌ စာကြည့်တိုက်မှူးအဖြစ် စတင် အမှုထမ်းခဲ့သည်။ ၁၉၄၁ ခုနှစ် အောက်တိုဘာလတွင် မြို့မ အမျိုးသမီးကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်စောရင် *B.A.,B.Ed.* နှင့် လက်ထပ်ခဲ့သည်။

၁၉၄၂ ခုနှစ် ဂျပန်ခေတ်အတွင်း မြန်မာအစိုးရ ပညာရေးဝန်ကြီးဌာန (စာပေနှင့်စာကြည့်တိုက်)၌ ဒုတိယအတွင်းဝန်၊ ထို့နောက် ရန်ကုန်

mgyoe.com

mgyoe.com SAMPLE BOOK

တက္ကသိုလ် စာကြည့်တိုက်မှူးအဖြစ် ၁၉၄၆ ခုနှစ်တွင် ပြန်လည် တာဝန် ထမ်းဆောင်ရင်း တိုင်းပြည်ပြု လွှတ်တော်ရုံးနှင့် ရွေးကောက်ပွဲ ကော်မရှင် ရုံး(၁၉၄၇)တွင် အထူးအရာရှိအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာန ကျောင်းသုံးစာအုပ်ပြုစုရေး ညွှန်ကြားရေးဝန်၊ ၁၉၅၉ ခုနှစ်တွင် မြန်မာနိုင်ငံ သမိုင်းကော်မရှင် ဥက္ကဋ္ဌ၊ ၁၉၆၁ ခုနှစ်တွင် ဂုဏ်ထူး ဆောင် မြန်မာစာ ပါမောက္ခ၊ ၁၉၆၅ ခုနှစ်တွင် နိုင်ငံသမိုင်း သုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပညာရပ်ဝေါဟာရ ကော်မတီ ဥက္ကဋ္ဌ၊ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေး ကော်မတီ ဥက္ကဋ္ဌ၊ ၁၉၆၇ ခုနှစ် တွင် မြန်မာနိုင်ငံ သုတေသနအသင်း ဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန အထူး အရာရှိ(၁)၊ ၁၉၇၆ ခုနှစ်တွင် နိုင်ငံသမိုင်း သုတေသနဦးစီးဌာန၏ အကြံ ပေးပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်ပြီး ယင်းနှစ်တွင် တက္ကသိုလ်များ ဗဟိုစာ ကြည့်တိုက်မှူး တာဝန်မှ အငြိမ်းစားယူသည်။

ရရှိခဲ့သော ဘွဲ့တံဆိပ်/ ဆုများမှာ -

၁၉၂၄- သစ္စာဝါဒီဆု (ကဗျာ ဘာသာပြန်ဆု)

၁၉၂၈- သာဒိုးအောင်ဆု (တက္ကသိုလ်တွင် ရသည့်ဆု)

၁၉၄၈- ဝဏ္ဏကျော်ထင်ဘွဲ့

၁၉၅၅- စာပေဗိမာန် စာပဒေသာဆု

၁၉၆၁- သီရိပျံ့ချီဘွဲ့

၁၉၇၉- အမျိုးသားစာပေဆု (ဘာသာပြန်)

၁၉၈၇- အမျိုးသားစာပေဆု (ကဗျာ) တို့ ဖြစ်သည်။

၁၉၉၀ ပြည့်နှစ် စက်တင်ဘာလ ၂၆ ရက်နေ့ နံနက်တွင် နေအိမ်၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် အသက် ၈၃ နှစ် ပြည့်ပြီး ဖြစ်သည်။ သမီး သုံးယောက် ဖြစ်သည့် ဒေါက်တာခင်မျိုးဟန် (ကလေး အထူးကုဆရာဝန်)၊ ဒေါက်တာခင်လှဟန် (သမိုင်းပညာရှင်)၊ ဒေါက်တာ ခင်အုန်းဟန် (မျက်စိအထူးကုဆရာဝန်) တို့ ထွန်းကားခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

## စိစဉ်သူ၏ ကျေးဇူးစကား

ကျွန်တော်တို့ မူလတန်းကျောင်းသား အရွယ်လောက်က ဖြစ်သည်။ တစ်မြို့လုံးလိုလိုတွင် နှုတ်တက်ရွရွ ရွတ်ဆိုနေကြသော '*ညိုပြာပြာ လတာပြင်ခြေရင်း . . . လှိုင်းတက်ရာ ဗေဒါတက် . . . လှိုင်းသက်ရာ ဆင်း . .* ' အစချီ သီချင်းစာသား တစ်ပိုဒ်က နားဝယ် လျှံနေခဲ့ရဖူးပါသည်။ *ပန်းပန်လျက်ပါ* ရုပ်ရှင်ဇာတ်ကားထဲမှ မဗေဒါ (ကြည်ကြည်ဌေး) ၏ ကရုဏာသံလေးမှ တစ်ဆင့် ကြည့်ရှုသူတို့ ရင်ထဲသို့ စေတနာနှိုး စိတ်ကလေး သွင်းနိုင်ခဲ့ရာမှ တစ်မြို့လုံး ကူးစက် ပြန့်ပွားသွားရခြင်းပင် ဖြစ်သည်။

ကျွန်တော်တို့ အလယ်တန်းကျောင်းသား ဖြစ်လာသည့်အခါ '*ညို ပြာပြာ*' အစချီ သီချင်းမှာ ဗေဒါလမ်း ကဗျာစာသားကို သံစဉ့်သွင်းပြီး သီချင်းအဖြစ် ပြောင်းလဲထားခြင်းသာ ဖြစ်ကြောင်းနှင့် ကဗျာစာဆိုမှာ ဆရာဇော်ဂျီဟု သိရပါတော့သည်။ ကဗျာတစ်ပုဒ်ကို ကဗျာဟု မကျက်မှတ်ရဘဲ သီချင်းအဖြစ်နှင့် အလွတ်ရနေခဲ့သော တစ်ပုဒ်တည်းသော ကဗျာ ဖြစ်ခဲ့ပါသည်။

ဗေဒါလမ်း (ပန်းပန်လျက်ပါ) ကဗျာနှင့် တစ်ဆက်တည်း *နွေဦးကျက်သရေ* ကို စကားပြေအဖြစ် သင်ယူရသောအခါ ဆရာ၏ တွေးထောင့်လေးကို နှစ်သက်မိပြန်ပါသည်။ သဘောကျလွန်း၍ အထပ်ထပ်ဖတ်မိသည်မှာ အထက်တန်း မြန်မာစကားပြေ လက်ရွေးစင်တွင် ပါဝင်သော ပုဂံဈေး ဝတ္ထုပင် ဖြစ်ပါသည်။

သည်လိုနှင့် ဆရာဇော်ဂျီ၏ ဘာသာပြန် ဝတ္ထုများနှင့် အခြား သုတရသ စာမျိုးစုံတို့ကို ဖတ်ခဲ့ရသော်လည်း ကျွန်တော်တို့ ပြည်သူပြည်သားများ ဖတ်သင့်၊ သိသင့်၊ အတွေးပွားသင့်ပါလျက် မတွေ့မမြင်၊ သတိမမူမိခဲ့သော စာတစ်ပုဒ် ကျန်နေပါလားဟု သိလိုက်ရသည်မှာ ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ စာပေဂျာနယ်ထဲတွင် ဖော်ပြခဲ့သည့် ဆရာမင်းနန်(မော်ကျွန်း)



mgyoe.com

mgyoe.com SAMPLE.BOOK

၏ ဆောင်းပါးတစ်ပုဒ်ကြောင့်ပင် ဖြစ်ပါသည်။ ဆရာမင်းနန်က ဆရာဇော်ဂျီ၏ *'သူတို့ညီနောင်နှင့် ကျွန်တော်'* ကို ဆန်းစစ် သုံးသပ်ပြ လိုက်သောအခါ စာဖတ်နေရင်းကပင် စာကောင်းတစ်ပုဒ် ဆိုသည်မှာ သည်လို အတွေး ပွားရပါလားဟု အထပ်ထပ် ဖတ်မိ၊ အထပ်ထပ် ပီတိပွားမိရပါသည်။ ဆရာဇော်ဂျီ၏ မူရင်းဆောင်းပါးကို လိုက်လံ ရှာဖွေခဲ့သော်လည်း အတော်နှင့် မတွေ့နိုင်ဘဲ ဆရာဝန်တင်ရွှေ စာပေတိုက်မှ ထုတ်ဝေသည့် *ဆရာဇော်ဂျီ စာပေါင်းချုပ်*တွင်ကျမှ ပြည့်ပြည့်ဝဝ ဖတ်ခဲ့ရပါသည်။

သို့နှင့် *'သူတို့ညီနောင်နှင့် ကျွန်တော်'* အား ကျွန်တော့်နည်းတူ ဖတ်စေချင်သည့်အတွက် ဆရာဇော်ဂျီ၏ ၁၀၅ နှစ်မြောက် အထိမ်း အမှတ်ကျရောက်သည့် ၂၀၁၂ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် အမှတ်တရ စီစဉ်တင်ဆက်ရခြင်း ဖြစ်ပါသည်။ ဆရာဇော်ဂျီ၏ ရသစာတမ်းများ အဖြစ် လက်လှမ်းမီသရွေ့ စီစဉ်ထုတ်ဝေလိုသော ဆန္ဒဇောနောက်တွင် မပြည့်မစုံမှု၊ ချို့ယွင်းမှုများ ပါရှိခဲ့ပါလျှင် စီစဉ်သူ၏ အားနည်းချက်ပင် ဖြစ်ပါသည်။

ဤစာစုများ ထုတ်ဝေနိုင်ရန် ခွင့်ပြုပေးသော ဆရာမကြီး ဒေါက်တာ ခင်မျိုးဟန်နှင့် မိသားစု၊ အမှာစာ ချီးမြှင့်ပေးသော ဆရာမင်းယုဝေ၊ စာပေကျာနယ်ပါ ဆောင်းပါးအား ပြန်လည်အသုံးပြုခွင့် ပေးသည့် ဆရာ မင်းနန်(မော်ကျွန်း)၊ ဆရာဇော်ဂျီ စာပေါင်းချုပ်အား စေတနာ ပြည့်ဝစွာ စီစဉ် ထုတ်ဝေပေးခဲ့သည့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ ဆရာဝန်တင်ရွှေ စာပေတိုက်နှင့် ကျေးဇူးတင်ထိုက်သူ အားလုံးအား အမှတ်တရ ကျေးဇူးစကား ဆိုရပါသည်။

ကြည့်ရွှန်း
၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်။

mgyoe.com

mgyoe.com SAMPLE BOOK

## မင်းယုဝေ၏ အမှာစာ

အမျိုးသားစာဆို ဆရာဇော်ဂျီသည် ၁၉၀၇ ခုနှစ် ဧပြီလ ၁၂ ရက် သောကြာနေ့တွင် ဖွားမြင်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်၌ အသက် ၈၄ နှစ် အရွယ် ရှိသည်။

ဆရာဇော်ဂျီသည် ကဗျာ၊ ဝတ္ထုတို၊ ပုံပြင်၊ ပြဇာတ်၊ စာတမ်း၊ စာတမ်းငယ် (အက်ဆေး)၊ ဘာသာပြန်များသာမက မြန်မာ့သမိုင်း စာအုပ်များပါ ရေးသား ပြုစုခဲ့သည်။ ယင်းတို့ကို ဆရာဇော်ဂျီသည် အသက် ၁၆ နှစ်သား အရွယ်ခန့်မှ စ၍ ကွယ်လွန်ခါနီး အသက် ၈၀ ကျော် အရွယ်အထိ စဉ်ဆက်မပြတ် ရေးသားခဲ့သည်။ ရေးသားရာ၌ နိုင်ငံကို ချစ်မြတ်နိုးသော စိတ်စေတနာ၊ ပြည်သူကို ချစ်မြတ်နိုးသော စိတ်စေတနာ၊ လူသားတို့ကို ချစ်မြတ်နိုးသော စိတ်စေတနာ တို့ကို အရင်းခံထားလျက် ရေးသားခဲ့သည်။

ထို့ကြောင့် ဆရာဇော်ဂျီ၏ စာတို့သည် နိုင်ငံ့အကျိုးပြု၊ ပြည်သူ့ အကျိုးပြု၊ လူသားအကျိုးပြုစာများ ဖြစ်ခဲ့သည်။

ယခု ထုတ်ဝေသော ဆရာဇော်ဂျီ စာပေါင်းချုပ်မှာ စာတမ်းငယ် (အက်ဆေး)များကို စုပေါင်းထုတ်ဝေသောစာအုပ် ဖြစ်သည်။ စာတမ်း ငယ်နှင့်ပတ်သက်၍ ဆရာဇော်ဂျီက 'စာရေးဆရာသည် သူ သိသော အကြောင်းအရာတို့ကို စာဖတ်သူ လက်ခံချင်လာအောင် သူ့စေတနာ နှောလျက် ဖျောင်းဖျသွေးဆောင်၍ ရေးသည်။ ထိုအခါ စာဖတ်သူ သည် ဗဟုသုတ ရသည့်အပြင် နှစ်သက်ခြင်းလည်း ဖြစ်သည်။ ထိုစာ မျိုးကို အသိပညာပေးစာမျိုး၌ ထည့်နိုင်သည်ဟု ဆိုရသော်လည်း ရသ သဘော နှောနေသဖြင့် သုတ၊ ရသစာဟု သော်လည်းကောင်း၊



mgyoe.com

mgyoe.com SAMPLE BOOK

ဆွဲဆောင်မှုစာဟု သော်လည်းကောင်း ဆိုနိုင်သည်' ဟူ၍ ဖွင့်ဆိုထား ပါသည်။

ဆရာဇော်ဂျီ၏ စာတမ်းငယ်(အက်ဆေး)များကို ဖတ်ရှုသူတို့ အဖို့ ဆရာဇော်ဂျီ၏ နိုင်ငံအကျိုးပြု အတွေးအမြင်၊ ခံယူချက်များ ကို ခံစားသိရှိနိုင်သည်။ ယင်းတို့ကို ဖတ်သဖြင့်လည်း နိုင်ငံချစ်စိတ် ဓာတ်၊ မြန်မာ့ယဉ်ကျေးမှုကို မြတ်နိုးသော စိတ်ဓာတ်တို့ တိုးပွားလာ နိုင်ပါသည်။ အတွေးအခေါ်များ ရင့်ကျက်၍ ဘဝတိုးတက်လမ်းကို တက်လှမ်းနိုင်သော စိတ်ဓာတ်များ တိုးတက်လာနိုင်စေပါသည်။ ဤသို့လျှင် ကျွန်တော် ခံယူမိပါသည်။ ထို့ပြင် ဆရာဇော်ဂျီ၏ မြန်မာ စကားပြေ အရေးအသားသည် စံပြ ဖြစ်ရာ ဖတ်ရှုသူတို့ အဖို့ စကားပြေ အရေးအသားကောင်းကို နည်းယူခွင့် ရရှိနိုင်ပါသည်။

ထို့ကြောင့် ဤစာအုပ်ပါ စာတမ်းငယ်(အက်ဆေး)များကို ရှာဖွေ စုဆောင်း တင်ဆက်သူ ဆရာကြည်ရွှန်း၏ စေတနာကို လေးစား မိပါသည်။ သူ၏ ကြိုးပမ်းမှုကို ဝမ်းမြောက်မိပါသည်။ မြန်မာစာပေ အတွက် တစ်ထောင့်တစ်နေရာမှ ကြိုးပမ်းဆောင်ရွက်သဖြင့် လှိုက် လှိုက်လှဲလှဲ ကြိုဆိုမိပါသည်။

မင်းယုဝေ

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# သူတို့ ညီနောင်နှင့် ကျွန်တော်

mgyoe.com

mgyoe.com SAMPLE BOOK

ခြိမ်းခြောက်သူနှင့်
အတူတကွ နေခြင်းသည်
ဆင်းရဲပေတကား။
မခြိမ်းခြောက်သူနှင့်
ကွေကွင်းရခြင်းသည်လည်း
ဆင်းရဲပေတကား

mgyoe.com

mgyoe.com SAMPLE BOOK

သူတို့ညီနောင် ဆိုသည်မှာ တကောင်းမင်း အဘိရာဇာ၏ သားတော်များ ဖြစ်ကြသော ကံရာဇာကြီးနှင့် ကံရာဇာငယ်တို့ ဖြစ်ပါသည်။ တကောင်းပြည် ထီးနန်းကို ထို ညီနောင် နှစ်ပါး လုခဲ့ကြသည်မှာ ကျွန်တော်တို့ ရာဇဝင်၏ ကနဦး ခေတ်ပိုင်းက ဖြစ်ရာ ကြာလှပါပြီ။ သို့ရာတွင် ထိုညီနောင် နှစ်ပါးအကြောင်းကို စဉ်းစားမိသည့်အခါတိုင်း ကျွန်တော့်မှာ တကောင်းပြည်အတွက် ကျွန်တော့် အတွေးနှင့် ကျွန်တော် ရင်လေးမိတတ်ပါသည်။

ကျွန်တော်တို့ ကျောင်းသားအရွယ်က ထို ညီနောင်နှစ်ပါး ထီးနန်း လုကြပုံ အကြောင်းကို ကျောင်းဖတ်စာအုပ်၌ ဖတ်ခဲ့ရပါသည်။ ထိုအကြောင်းကို အချို့သော စာဖတ်ပရိသတ်လည်း ဖတ်ပြီး ဖြစ်မည်ဟု ထင်ပါသည်။ သို့ရာတွင် ကျွန်တော် ရင်လေးမိတတ်သည့်အကြောင်းကို ပြောမပြမီ ထို ညီနောင် နှစ်ပါး ထီးနန်း လုကြပုံအကြောင်းကို ပြောပြဖို့ လိုပါလိမ့်ဦးမည်။

တကောင်းပြည်တွင် အဘိရာဇာမင်း ကံကုန်သောအခါ သားတော် ကံရာဇာကြီးနှင့် ကံရာဇာငယ်တို့သည် တကောင်းပြည် ထီးနန်းအတွက် လက်ရုံးစစ်ထိုးရန် ပြင်ကြသည်ဟု ဆိုပါသည်။ ထိုအခါ အမတ်ပညာရှိတို့က အရှင့်သားတို့သည် လက်ရုံးစစ်ကို မထိုးကြပါကုန်လင့်၊ ကုသိုလ်စစ်ကိုသာ ထိုးကြပါလေဟု နားတော်လျှောက်ကြလေသည်။ ကုသိုလ်စစ် ဆိုသည်ကား အဘယ်နည်းဟု ညီနောင် နှစ်ပါးက မေးကြရာ အလှူမဏ္ဍပ် နှစ်ဆောင်ကို တစ်ယောက် တစ်ဆောင်စီ ညတွင်းချင်း ပြီးအောင် ဆောက်ကြပါ၊ အရင် ပြီးအောင် ဆောက်နိုင်သောသူသည် တကောင်းပြည် ထီးနန်းကို ဆက်ဆံထိုက်သူ မည်ပါသည်၊ ထိုသို့ ပြုခြင်းသည် ကုသိုလ်စစ်ထိုးခြင်း ဖြစ်ပါသည်ဟု လျှောက်ကြလေသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

ညီနောင် နှစ်ပါးလည်း ကောင်းပြီဟု ဝန်ခံ၍ အလှူမဏ္ဍာပ် ဆောက်ကြလေသည်။ နောင်တော် ကံရာဇာကြီးသည် မိမိ၏ အလှူမဏ္ဍာပ်ကို သစ်ကြီးဝါးကြီးဖြင့် ဆောက်သည်။ ညီတော် ကံရာဇာငယ်သည် မိမိ၏ အလှူမဏ္ဍာပ်ကို သစ်ငယ်ဝါးငယ်ဖြင့် ဆောက်၍ ဖျင်ဖြူပတ်ခြင်း၊ ထုံးဖွေးဖွေး သုတ်ခြင်းတို့ကို ပြုလေသည်။ နံနက်မိုးသောက်လတ်သော် ကံရာဇာကြီး၏ အလှူမဏ္ဍာပ်သည် အပြီးသို့ မရောက်ချေ။ ကံရာဇာငယ်၏ အလှူမဏ္ဍာပ်သာလျှင် အပြီးသို့ ရောက်လေသည်။ ထို့ကြောင့် ကံရာဇာကြီးသည် အထက်စကားကတိ ရှိသည့်အတိုင်း တကောင်းပြည် ထီးနန်းကို ကံရာဇာငယ် လက်သို့ အပ်၍ တကောင်းမြို့မှ ခွာလေသည်။ ဤကား သူတို့ညီနောင် နှစ်ပါး ထီးနန်း လုကြပုံအကြောင်း ဖြစ်ပါသည်။

ကျွန်တော်သည် ထိုအကြောင်းကို ပထမအကြိမ် ဖတ်ရစဉ်က ကံရာဇာငယ်၏ အမူအရာကို လက်ခုပ်တီး၍ အများကြီး ချီးကျူးလိုက်ပါသည်။ ကံရာဇာငယ်သည် ဉာဏ်ကောင်းလေစွ။ မဖြစ်လျှင် ဖြစ်အောင် လုပ်တတ်လေစွ။ နောင်အခါ၌ကား ကျွန်တော်သည် ကံရာဇာငယ်၏ အမူအရာကို သံသယ ဖြစ်လာပါတော့သည်။

ရှေးဦးစွာ တကောင်းပြည်၏ နိုင်ငံရေးဝါဒနှင့် နိုင်ငံရေးခြေလှမ်းတို့ကို ကျွန်တော် ဤသို့ မှန်းကြည့်သည်။ အဖေကို သားက သတ်၍၊ အစ်ကိုကို ညီက သတ်၍၊ ဦးရီးကို တူက သတ်၍ ထီးနန်းကို ယူနိုင်လျှင် ရခွင့် ရှိသည် ဟူသော ထီးမွေနန်းမွေ ဆက်ခံရေး သဘောတရားကို ကမ္ဘာပေါ်တွင် မည်သူက စတင် ဖန်တီးခဲ့သည်ဟု ကျွန်တော် မသိပါ။ သို့ရာတွင် ထိုသဘောတရားကို နှစ်သက် လက်ခံခြင်းသည် ခေတ်ဆန်သည်၊ တိုးတက်သည်ဟု ယူဆထားကြလေသလား မသိ။ တကောင်းပြည်တွင် ထိုသဘောတရား ရှိနေနှင့်လေသည်။ ထို့ကြောင့်သာလျှင် အဘိရာဇာ ကံကုန်သောအခါ သားတော် ကံရာဇာကြီး ထီးထီးမားမား ရှိနေပါလျက် သားတော် ကံရာဇာငယ်သည် နောင်တော်သော ဘာသော ညာသော နားမလည်၊ တကောင်းပြည် ထီးနန်းကို ငါ့လက်သို့ အပ်ရမည်ဟု စားကြိမ်း ကြိမ်းဝံ့ခြင်း ဖြစ်သည်ဟု ယူဆနိုင်လေသည်။

ပုံပန်းမှာ အဘိရာဇာ နာမကျန်း ဖြစ်နေစဉ်အခါကပင် ကံရာဇာငယ်သည် ကြိုတင်ပြင်ဆင်သောအနေနှင့် နောက်ပိုင်း အစည်းအဝေး ခဏခဏ ခေါ်၍ စက်ပုန်းခုတ်ခြင်း၊ လူမျိုး မရွေး၊ ဘာသာ မရွေး၊ ကျားမ မရွေး ပြုံးပြနိုင်သမျှ ပြုံးပြခြင်း၊ ငါ့မုန့် တစ်ဖဲ့ စားစေ၍ ငါ့အိတ်ထဲသို့ ဝင်နိုင်သမျှ ဝင်စေခြင်း စ


mgyoe.com

mgyoe.com


သည်တို့ကို ပြုလုပ်ထားပုံရလေသည်။ နောင်တော် ကံရာဇာကြီးမှာကား ထိုသို့ မဟုတ်။ နောင်တော် ဖြစ်သည့်အတိုင်း ထီးနန်းကို အေးအေးသာသာ ရလိမ့်မည် အထင်နှင့် အေးအေးသာသာ နေခဲ့ပုံရလေသည်။ ထို့ကြောင့်သာလျှင် ကံရာဇာငယ်က ဓားကြိမ်း ကြိမ်းလိုက်သောအခါ ကံရာဇာကြီးမှာ မည်သို့မျှ မတတ်နိုင်။ ကိုရွှေဝန်တို့၏ ကုသိုလ်စစ်စကားကို နားမထောင်ချင်ဘဲ နားထောင်လိုက်ရသည်ဟု ထင်မိပါသည်။ ဤကား တကောင်းပြည်၏ နိုင်ငံရေး ဝါဒနှင့် နိုင်ငံရေး ခြေလှမ်းတို့ကို ကျွန်တော် မှန်းကြည့်လိုက်ခြင်း ဖြစ်ပါသည်။

ထို့နောက် ကံရာဇာငယ်၏ အမူအရာအား ကျွန်တော် သံသယ ဖြစ်လာပုံကို ဆက်၍ပြောပြချင်ပါသေးသည်။ ကိုရွှေဝန်တို့၏ ကုသိုလ်စစ်စကားကို ညီနောင် နှစ်ပါး လက်ခံပြီးသည့်နောက်ပိုင်းတွင် ညီနောင်နှစ်ပါး၌ အလှူမဏ္ဍပ်ကို တစ်ယောက် တစ်ဆောင်စီ ညတွင်းချင်း ပြီးအောင် ဆောက်ကြရန်သာ ကျန်ပါတော့သည်။ ထို့ကြောင့် ညီနောင်နှစ်ပါးသည် တပည့်လက်သားများကို ခေါ်၍ တောသို့ သွားကြသည်။ သစ်ဝါး ခုတ်ကြသည်။ သယ်လာကြသည်။ မဏ္ဍပ် ဆောက်ကြသည်။ ရှုလော့၊ အရုဏ်တက်တွင် ကံရာဇာငယ်၏ အလှူမဏ္ဍပ်သည် ဖြူဖြူဖွေးဖွေး ငေးကြည့်ရမတတ် ဖြစ်သည်။ အလွင်အကြော့၊ ကော့၍၊ မော့၍၊ ကြွ၍၊ ပျံ၍နေသည်။ ကံရာဇာကြီး၏ အလှူမဏ္ဍပ်မှာမူကား တစ်စိတ်တစ်ပိုင်းသာ ပြီးသေးသည်။ ကံရာဇာငယ် အောင်ပြီ။ ကံရာဇာငယ် တကောင်းပြည် ထီးနန်းကို သိမ်းပြီ။

သို့ရာတွင် ကျွန်တော်တို့သည် ကံရာဇာငယ် ဆောက်သော အလှူမဏ္ဍပ်၏ သဘောကို ရာဇဝင်ဆရာမှတစ်ဆင့် သိပြီး ဖြစ်ကြပါသည်။ ရာဇဝင်ဆရာ၏ အဆိုအရ ကံရာဇာငယ်၏ အလှူတော်မဏ္ဍပ်သည် သစ်ငယ်ဝါးငယ်မျှသာ ဖြစ်သည်။ ဖျင်ဖြူ ပတ်ထားခြင်းမျှသာ ဖြစ်သည်။ ထုံးဖြူ သုတ်ထားခြင်းမျှသာ ဖြစ်သည်။ ကံရာဇာငယ်သည် ဥာဏ်ကောင်းပါ၏။ မဖြစ်လျှင် ဖြစ်အောင် လုပ်တတ်ပါ၏။ လုပ်သဖြင့် ဖြစ်လည်း ဖြစ်ပါ၏။ သို့ရာတွင် ဖြစ်လာသော အလှူမဏ္ဍပ်သည် တကယ့်မဏ္ဍပ် မဟုတ်၊ စိတ်ကူးယဉ် မဏ္ဍပ်သာတည်း။ အခိုင်အခံ့ မဟုတ်၊ ဖြစ်ကတတ်ဆန်းသာတည်း။ စေတနာ မဟုတ်၊ ပြရုပ်သာတည်း။ ကံရာဇာငယ်သည် ထိုအလှူမဏ္ဍပ်မျိုး၌ တကောင်းပြည်သူလူထုအား အလှူပေးလျှင် မည်သည့်နည်းနှင့်မျှ အဓွန့်ရှည်စွာ အလှူပေးနိုင်မည် မဟုတ်ချေ။ အလွန်ဆုံး သုံး၊ လေးလမျှလောက်သာ အလှူပေးနိုင်မည်။ တကောင်းမိုး၊ တကောင်းလေတို့နှင့် သင့်မြတ်အောင် ဆောက်ခြင်း မဟုတ်သောကြောင့်

mgyoe.com

mgyoe.com

SAMPLE BOOK

ထိုအလျှမင်္ဂလာပ်သည် သုံး၊ လေးလ ကြာလျှင် ယိုင်လဲ ပြိုကွဲရမည်သာ ဖြစ်လေသည်။ ကံရာဇာငယ်၏ အမူအရာကို ကျွန်တော် ချီးကျူးလာရာမှ သံသယဖြစ်လာရသည်မှာ ထိုအကြောင်းကြောင့်ပင် ဖြစ်ပါသည်။

ထို့နောက် တကောင်းပြည်အတွက် ရင်လေးမိတတ်သည့်အကြောင်းကို ပြောပါတော့မည်။ ရင်လေးမိတတ်သည်မှာ ပထမတွင် ကံရာဇာကြီးသည်လည်းကောင်း၊ ကိုရွှေဝန်တို့သည်လည်းကောင်း၊ တကောင်းပြည်သူလူထုသည်လည်းကောင်း ရိုးလွန်း၊ အ လွန်း၊ န လွန်းကြသည်ဟု အထင်ရှိလိုက်ခြင်းကြောင့်ဖြစ်ပါသည်။ ကံရာဇာကြီးသည် စိတ်ကူးယဉ် မဏ္ဍာပ်၊ ဖြစ်ကတတ်ဆန်း မဏ္ဍာပ်၊ ရုပ်ပြ မဏ္ဍာပ်ကို အဘယ့်ကြောင့် ကန့်ကွက်ခြင်း မပြုဘဲ နေပါသနည်း။ ကိုရွှေဝန်တို့သည် ထို မဏ္ဍာပ်ကို အဘယ့်ကြောင့် ပယ်ချခြင်း မပြုဘဲ နေကြပါသနည်း။ တကောင်းပြည်သူလူထုသည် ထိုမဏ္ဍာပ်ကို အဘယ့်ကြောင့် လူထုအုံကြွနည်းဖြင့် တိုက်ဖျက်ခြင်း မပြုဘဲ နေကြပါသနည်း။

အကယ်၍ ထိုသူတို့သည် ထိုမဏ္ဍာပ်ကို တကယ့်မဏ္ဍာပ်၊ အခိုင်အခံ့မဏ္ဍာပ်၊ စေတနာမဏ္ဍာပ် ဟူ၍ ယုံကြသည် ဖြစ်လျှင် ထိုသူတို့သည် အကယ်ပင် ရိုးလွန်း၊ အ လွန်း၊ န လွန်းကြသည်ဟု ဆိုရာသည်။ ထိုသူတို့သည် ထိုမျှလောက် ရိုးလွန်း၊ အ လွန်း၊ န လွန်းလိမ့်မည်ဟု ကျွန်တော် မထင်ပါ။ ထိုသူတို့သည်လည်း မဏ္ဍာပ်ဆောက်တတ်သူများပင် ဖြစ်ပါသည်။ ကံရာဇာငယ်၏ အလှူမဏ္ဍာပ်ကို အဝေးမှသာ ကြည့်ရစေကာမူ သစ်ငယ်ဆောက်၊ ဝါးငယ်ဆောက်၊ ဖျင်ဖြူပတ်၊ ထုံးဖြူသုတ် မဏ္ဍာပ် ဖြစ်သည်ကိုကား ခွဲခြား၍ သိမြင်ကြမည်သာ ဖြစ်လေသည်။

ထိုသို့တပြီးကား ကံရာဇာကြီးက ကန့်ကွက်ခြင်း မပြုဘဲ နေသည်မှာ လောဘဇော တိုက်နေသော ညီတော် ကံရာဇာငယ်ကို စက်ဆုပ်သောကြောင့်ပေလော။ စက်ဆုပ်သောကြောင့်ဟု ဆိုလျှင် တကောင်းပြည်မှ ကံရာဇာကြီးခွာသွားခြင်းသည် အသေဝနာစ ဗာလနံ ပုဒ်အရ မင်္ဂလာရှိသော ခွာသွားခြင်းပေဟု ဆိုရာသည်။ တစ်ဖန် ကိုရွှေဝန်တို့က ပယ်ချခြင်း မပြုဘဲ နေကြသည်မှာ ကံရာဇာငယ်ထံမှ စားပေါက်စားလမ်းကို မျှော်မှန်းကြသောကြောင့်ပေလော။ မျှော်မှန်းကြသောကြောင့်ဟု ဆိုလျှင် တကောင်းပြည်၌ ခေါင်ကစ မိုးယိုနေပြီ ဖြစ်သဖြင့် သနားစရာသာ ဖြစ်တော့သည်။ တစ်ဖန် တကောင်းပြည်သူလူထုက တိုက်ဖျက်ခြင်း မပြုဘဲ နေကြသည်မှာ တိုင်းပြည်အရေးသည် ငါတို့အရေး၊ ငါတို့အရေးသည် တိုင်းပြည်အရေး ဟူသော အချက်ကို သဘောမပေါက်ကြသောကြောင့်ပေလော။ သဘောမပေါက်ကြသောကြောင့်ဟု ဆို


mgyoe.com

mgyoe.com


လျှင် တကောင်း ပြည်သူလူထုထဲ၌ ဘယ်သူသေသေ ငတေမာပြီးရောသမား အတော်ခပ်များများ ရှိနေသေးသဖြင့် သနားစရာသာ ဖြစ်တော့သည်။

သို့ရာတွင် ကံရာဇာကြီးသည် စက်ဆုပ်သောကြောင့် ခွာသွားသည်ဟု ကျွန်တော် မထင်ပါ။ စက်ဆုပ်သည် ဖြစ်လျှင် ကံရာဇာကြီးသည် ကုသိုလ်စစ်ကိုပင် ထိုးတော့မည် မဟုတ်ပါ။ ကိုရွှေဝန်တို့သည်လည်း စားပေါက်စားလမ်းကို မျှော်မှန်းကြသည်ဟု ကျွန်တော် မထင်ပါ။ မျှော်မှန်းကြသည် ဖြစ်လျှင် ကိုရွှေဝန်တို့သည် ကုသိုလ်စစ် စကားကိုပင် ဆိုကြမည် မဟုတ်ပါ။ တကောင်းပြည်သူလူထု၌လည်း ငတေမာပြီးရောသမား အတော်များများ ရှိနေကြသည်ဟု ကျွန်တော် မထင်ပါ။ ရှိနေကြသည် ဖြစ်လျှင် မည်သည့်မင်းသား၏ အလှူမဏ္ဍာပ်ကိုမျှ ဝိုင်းဆောက်ပေးကြမည် မဟုတ်ပါ။

ထိုသို့တပြီးကား ကံရာဇာငယ်၏ သစ်ငယ်ဆောက်၊ ဝါးငယ်ဆောက်၊ ဖျင်ဖြူပတ်၊ ထုံးဖြူသုတ် မဏ္ဍာပ်ကို ကန့်ကွက်ခြင်း၊ ပယ်ချခြင်း၊ တိုက်ဖျက်ခြင်း မပြုဘဲ နေခဲ့ကြသည်မှာ မည်သည့်အကြောင်းကြောင့်ပေနည်း။ မည်သည့် အကြောင်းကြောင့်မှ မဟုတ်နိုင်။ ကံရာဇာငယ်သည် ကံရာဇာကြီးအားလည်းကောင်း၊ ကိုရွှေဝန်တို့အား လည်းကောင်း၊ တကောင်းပြည်သူလူထုအားလည်းကောင်း တစ်နည်းနည်းဖြင့် ခြိမ်းခြောက်နေသောကြောင့်သာလျှင် ဖြစ်နိုင်သည်။ ကံရာဇာငယ်သည် မိမိ၏ အလှူမဏ္ဍာပ်ရှေ့တွင် နောင်တော်အတွက် ဝမ်းနည်းပက်လက် ဖြစ်ရသော မျက်နှာပေးကို လည်းကောင်း၊ ကိုရွှေဝန်တို့ကို သိမ်းသွင်း ချော့မော့နေသော မျက်နှာပေးကို လည်းကောင်း၊ တကောင်းပြည်သူလူထုအား အချိုသွေးနေသော မျက်နှာပေးကို လည်းကောင်း ပြချင်လျှင် ပြနေမည် ဖြစ်သည်။ လက်နက်နှင့် တပည့်လက်သားတို့ကိုမူကား မဏ္ဍာပ်အတွင်း၌ လည်းကောင်း၊ မဏ္ဍာပ်အပြင်၌ လည်းကောင်း၊ မြေပေါ်၌ လည်းကောင်း၊ မြေအောက်၌ လည်းကောင်း ပေါ်ပေါ်ထင်ထင် တချို့၊ ပုန်းလျှိုးကွယ်လျှိုး တချို့ နေရာချထားပြီး ဖြစ်မည်မှာ သေချာပါသည်။

ရာဇဝင်ဆရာသည် ထိုအချက်ကို ရာဇဝင်၌ ထည့်ဆိုခြင်း မပြုခဲ့ပါ။ သို့ရာတွင် အာဏာကို အဓမ္မ လိုချင်သော ကိစ္စမျိုး၌ ထိုအချက်မျိုးသည် ဓမ္မတာလိုလိုပင် ဖြစ်သောကြောင့် ထို အချက်ကို စိတ်ကူးဖြင့် အစားထိုးကြည့်ခြင်းမျှသာ ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ၊ သူတို့ညီနောင် အကြောင်းကို စဉ်းစားမိသည့် အခါတိုင်း ကျွန်တော့်မှာ တကောင်းပြည်အတွက် ကျွန်တော့်အတွေးနှင့် ကျွန်တော် ရင်လေးမိတတ်သည်မှာ ကံရာဇာငယ်သည် ကံရာဇာကြီးအား


mgyoe.com

mgyoe.com
SAMPLE BOOK

လည်းကောင်း၊ ကိုရွှေဝန်တို့အား လည်းကောင်း၊ တကောင်း ပြည်သူလူထု အား လည်းကောင်း တစ်နည်းနည်းဖြင့် ခြိမ်းခြောက်နေသည်ဟု အထင်ရှိခြင်း ကြောင့်ပင် ဖြစ်ပါသည်။

ကံရာဇာငယ်သည် ကျွန်တော်၏ အတွေးအောက်တွင် အတော်အတန် ပိနေပါပြီ။ စင်စစ်မှာ ကံရာဇာငယ်သည် ကျွန်တော် တွေးသကဲ့သို့ ဟုတ်ချင်မှ လည်း ဟုတ်မည်။ မဟုတ်ဘူးယောင်ယောင်နှင့် ဟုတ်ချင်လျှင်လည်း ဟုတ် နေမည်။ ဟုတ်သည် ဖြစ်စေ၊ မဟုတ်သည် ဖြစ်စေ ခြိမ်းခြောက်သူနှင့် အတူ တကွ နေခြင်းသည် ဆင်းရဲပေတကား။ မခြိမ်းခြောက်သူနှင့် ကွေကွင်းရခြင်း သည်လည်း ဆင်းရဲပေတကားဟုသာ ဆိုလိုက်ချင်ပါတော့သတည်း။

*မြဝတီမဂ္ဂဇင်း၊ ၁၉၅၇ ခုနှစ် ဧပြီလ။*


mgyoe.com

mgyoe.com

SAMPLE BOOK

# ဝူဝံမြို့တောင်းနှင့် ကျွန်တော်

mgyoe.com

mgyoe.com SAMPLE BOOK

ရှေးပုဂံခေတ်က
မြန်မာနိုင်ငံသားတို့သည်
နိုင်ငံသားစိတ် မွေးတတ်ကြပေသည်တကား။
ပြုံရဲသောသတ္တိ ရှိကြပေသည်တကား။
အကြည်အသာ ခွင့်ပေးတတ်သောသတ္တိ
ရှိကြပေသည်တကား။

mgyoe.com

mgyoe.com SAMPLE BOOK

ပုဂံမြို့ဟောင်းတွင် ကြည်ညိုစရာ၊ ကြည်နူးစရာ များပါပေသည်။ ကြည်ညို စရာ ဆိုသည်မှာ သပ္ပာယ်လှသော ရှေးဟောင်း ဘုရားစေတီများ ဖြစ်၍ ကြည် နူးစရာ ဆိုသည်မှာ နိုင်ငံသစ် တည်ခဲ့သော ရှေးခေတ် ပုဂံသားတို့ ဖြစ်လေ သည်။ ကြည်ညိုစရာကို ဖူး၍ ကြည်နူးစရာကို တွေးရသည်မှာ ဖူး၍၊ တွေး၍ ကုန်နိုင်ပါတော့မည်လားဟု ကျွန်တော် အောက်မေ့မိသည်။

ပုဂံမြို့ဟောင်းသို့ ကျွန်တော်တို့ တလောက ရောက်ခဲ့ကြသည်။ ရောက် ခဲ့သော ရာသီသည် သီတင်းကျွတ် အကုန်၊ တန်ဆောင်မုန်း အကူး ဆောင်းဦး ရာသီ ဖြစ်လေသည်။

ပုဂံမြို့ဟောင်းသို့ ကျွန်တော် နောက်တစ်ခေါက် အလည်လာလျှင် ထို ရာသီမျိုးတွင် လာချင်သည်။

ထိုရာသီသည် ပုဂံကောင်းကင်၌ တိမ်တောင်တိမ်လိပ်တို့ မြူးချင်တိုင်း မြူးကြသောရာသီ ဖြစ်လေသည်။ ထိုရာသီတွင် တိမ်တောင်တိမ်လိပ်တို့သည် တစ်ခါတစ်ရံ ရွှေစည်းခုံကို ဦးတိုက်နေတတ်ကြသည်။ တစ်ခါတစ်ရံ အာနန္ဒာ ၏ ချရားသီးအနီးတွင် လဲလျောင်းနေတတ်ကြသည်။ တစ်ခါတစ်ရံ သဗ္ဗညု၏ အထွတ်တွင် တွဲလဲခိုနေတတ်ကြသည်။ တစ်ခါတစ်ရံ ဓမ္မရံကြီး၏ နောက်တွင် တပိတစ်ပိုင်း ပေါ်နေတတ်ကြသည်။ တစ်ခါတစ်ရံ တူရွင်းတောင်တွင် တန်းစီ နေတတ်ကြသည်။ ထိုအခါ ပုဂံမြို့ဟောင်းသည် ပန်းချီဗိမာန်ဆောင်နှင့်ပင် တူလေတော့သည်။

ကျွန်တော်တို့ ပုဂံမြို့ဟောင်းသို့ ရောက်ပုံသည် မန္တလေးမြို့မှတစ်ဆင့် ဧရာဝတီမြစ်ကြောင်းမှ စုန်၍ ရောက်ခြင်း ဖြစ်လေသည်။ ပုဂံမြို့ဟောင်းသို့ ကျွန်တော် နောက်တစ်ခေါက် အလည်လာလျှင်လည်း ထိုရောက်ပုံအတိုင်းပင်

mgyoe.com

mgyoe.com
SAMPLE BOOK

ရောက်ချင်သည်။ မန္တလေးမြို့မှ စုန်လာလျှင် ပုဂံမြို့ဟောင်းသို့ ရောက်ခါနီး၌ မြစ်ညာ ခပ်လှမ်းလှမ်းမှနေ၍ ပုဂံမြို့ဟောင်းကို ပက်ပင်းပါ မြင်ရမည်ဟု ထင်မိသည်။ သို့ရာတွင် ညောင်ဦးနတ်သမီး ကမ်းပါးဖွေးဖွေးကိုသာ မြင်ရသည်။ ညောင်ဦးမြို့၌ သင်္ဘောကပ်၍၊ ကျွန်တော်တို့ မြို့သို့ တက်၍၊ ထို့နောက် မြို့ဖြတ်၍၊ ထို့နောက် မြို့စွန်သို့ ရောက်သောအခါမှာမှ ပုဂံမြို့ဟောင်းကို ပက်ပင်းပါ မြင်ရလေသည်။ ပက်ပင်းပါ မြင်ချင်သောအရာကို ပက်ပင်းပါ မမြင်ရဘဲ တစ်ကွေ့ ကျော်ပြီးမှသာ မြင်ရသော တစ်ကွေ့ကျော် ဘွားခနဲမြင် အရသာမျိုးကို ခံစားလိုက်ရလေသည်။

တစ်ဖန် ပုဂံမြို့ဟောင်းကို မမြင်ရခင် ညောင်ဦးနတ်သမီး ကမ်းပါးဖွေးဖွေးကို ကြိုတင် မြင်ရခြင်းကို ကျွန်တော် သဘောကျသည်။ ကမ်းပါးသည် စောက်သည်။ အောက်တွင် ဧရာဝတီ ရှိ၍ အထက်တွင် အချွန် သုံးခု ရှိလေသည်။ ပုဂံခေတ် ပန်းရန်ပျံတို့သည် ဘုရားစေတီ တည်သောအခါ ဘုရားပန်းတင်ခုံတွင် စိန်တောင် ထည့်လေ့ရှိလေသည်။ စိန်တောင် ဆိုသည်မှာ အချွန်ပင် ဖြစ်လေသည်။ စိန်တောင်သည် ပန်းတင်ခုံကို လှစေသည်၊ ကြွစေသည်။ ညောင်ဦးနတ်သမီးကမ်းပါးရှိ အချွန် သုံးခုသည် ပုဂံမြို့ဟောင်း၏ စိန်တောင်ပင် ဖြစ်လေစွ။

ပုဂံမြို့ဟောင်းသို့ သွားသူများသည် အနည်းဆုံး ရွှေစည်းခုံနှင့် အာနန္ဒာတို့သို့ ရောက်တတ်ကြသည်ဟု ပြောကြလေသည်။ ကျွန်တော်တို့သည် ထိုဘုရား နှစ်ဆူသို့ မရောက်လျှင် မဖြစ်နိုင်ပေ။

ရွှေစည်းခုံ စေတီတော်အား မည်သည့်မုခ်ဘက်က ဝင်၍ ဖူးရလျှင် ကောင်းမည်နည်းဟု ကျွန်တော် ချိန်ကြည့်သည်။ ညောင်ဦးမြို့တွင်းရှိ အရှေ့မုခ်ဘက်မှ ဝင်ရလျှင် ကောင်းမည်လော၊ ညောင်ဦးမြို့ပြင်ရှိ ပုဂံမြို့သွားလမ်းနံပါးတောင်မုခ်ဘက်မှ ဝင်ရလျှင် ကောင်းမည်လော။ ကျွန်တော်သည် တောင်မုခ်ဘက်မှသာ ဝင်ချင်သည်။ တောင်မုခ်ဘက်မှ ဝင်လျှင် မုခ်ဦးခြသေ့်ရုပ် နှစ်ခုကို ရှင်းရှင်း မြင်ရမည်။ စေတီ၏ ပုံတော်ကို ရှင်းရှင်း ဖူးရမည်။ မုခ်ဦး ခြသေ့်ရုပ် နှစ်ခုသည် ပြည့်ဖြိုးသည်ဟု ထင်ရသည်။ ခွန်အား ကြီးသည်ဟု ထင်ရသည်။ ထက်မြက်သည်ဟု ထင်ရသည်။ ကျွန်တော့်မှာ တက်ကြွအားရခြင်း ဖြစ်မိလေသည်။

မြန်မာတို့ တည်လေ့ရှိသော စေတီတွင် အခြေ၌ ပန်းတင်ခုံ ထည့်သည်။ ထို့နောက် ဖိနပ် ထည့်သည်။ ထို့နောက် ကြေးဝိုင်း ထည့်သည်။ ထို့နောက်

mgyoe.com

mgyoe.com


ခေါင်းလောင်းပုံ၊ သို့တည်းမဟုတ် သပိတ်မှောက် ထည့်သည်။ ထို့နောက် ကြာမှောက် ထည့်သည်။ ထို့နောက် ရွဲ ထည့်သည်။ ထို့နောက် ကြာလန် ထည့်သည်။ ထို့နောက် ချရားသီး၊ သို့တည်းမဟုတ် ငှက်ပျောဖူး ထည့်သည်။ ထို့နောက် ထီး၊ ငှက်မြတ်နား၊ စိန်ဖူးတို့ ထည့်သည်။ ထိုအရာတို့သည် စေတီတိုင်းရှိ မြန်မာ ဗိသုကာအင်္ဂါများ ဖြစ်လေသည်။ ထိုအင်္ဂါများကို အချိုးကျ ထည့်၍ စေတီ တည်နိုင်လျှင် စေတီတိုင်း သပ္ပာယ်ရမြဲ ဖြစ်လေသည်။

ရွှေစည်းခုံ စေတီတော်သည် သပ္ပာယ်လှပါပေသည်။ ကျွန်တော်သည် ရွှေစည်းခုံကို ကြည်ညိုနေရာမှ ရွှေစည်းခုံ သပ္ပာယ်ပုံကို ဆင်ခြင်နေမိသည်။ ရွှေစည်းခုံ၏ သပ္ပာယ်ပုံသည် ရွှေတိဂုံ၏ သပ္ပာယ်ပုံနှင့် မတူပါတကား၊ ယှဉ်ကြည့်လေလေ မတူလေလေပါတကား။ ဤသို့လျှင် ကျွန်တော် တွေးမိလာသည်။

ရွှေတိဂုံ၏ပုံတော်သည် ပြေပြစ်သည်၊ နွဲ့နှောင်းသည်၊ စိတ်ချမ်းမြေ့ဖွယ် ဖြစ်သည်။ ရွှေတိဂုံကို မွမ်းမံတည်ဆောက်သော ခေတ်သည် အကြေအရပ်တွင် စစ်မက် မရှိသော ခေတ် ဖြစ်သည်။ တိုင်းသူပြည်သားတို့ စိတ်အေးလက်အေး နေကြရသော ခေတ် ဖြစ်သည်။ ဦးဆောင်၍ မွမ်းမံ တည်ဆောက်သူသည် ဟံသာဝတီ ထီးနန်းကို စွန့်ပြီးနောက် ဟံသာဝတီနေပြည်မှ ဒဂုန်ကျေးသို့ ကြွလာ၍ တရားဘာဝနာနှင့် ငြိမ်းချမ်းစွာ နေလိုသော ဘုရင်မ ရှင်စောပု ဖြစ်သည်။ ရွှေတိဂုံစေတီတော်ကို ထိုသို့သော ခေတ်တွင် ထိုသို့သော ဘုရင်မက မွမ်းမံ တည်ဆောက်ခဲ့ခြင်း ဖြစ်လေသည်။

ရွှေတိဂုံစေတီ၏ ပုံတော် ပြေပြစ်ခြင်း၊ နွဲ့နှောင်းခြင်း၊ စိတ်ချမ်းမြေ့ဖွယ် ဖြစ်ခြင်းတို့သည် ထိုခေတ်၏သဘောကို လည်းကောင်း၊ ထိုတိုင်းသူပြည်သားတို့၏သဘောကို လည်းကောင်း၊ ထိုမင်း၏သဘောကို လည်းကောင်း မလွန်ဆန်နိုင်သော ပန်းရန်ပျံ့တို့၏ လက်ရာပင် ဖြစ်လေစွ။

စင်စစ် ရွှေတိဂုံသည် ဗိသုကာပညာတွင် အယဉ်အနုသဘောဖြင့် သပ္ပာယ်၍ ရွှေစည်းခုံသည် အခန့်အသန့်သဘောဖြင့် သပ္ပာယ်သည်ဟု မဆိုကောင်း ဆိုကောင်း ဆိုလိုက်ချင်ပါတော့သည်။

ရွှေစည်းခုံကို ရှင်အရဟံနှင့် အနော်ရထာမင်းကြီးတို့ ဦးဆောင်၍ ပုဂံသားတို့က ဝိုင်းတည်ကြသည်။ ထို့နောက် ကျန်စစ်သားမင်းက ဆက်တည်သည်။ ထိုမင်းနှစ်ပါးလက်ထက်မှ စ၍ နိုင်ငံတော် နယ်နိမိတ်သည် ပုဂံဒေသတစ်ဝိုက်မှ ပြည်ထောင်စုဒေသနီးပါးအထိ ကျယ်ဝန်းလာသည်။ ဗုဒ္ဓသာသနာတော်သည်


mgyoe.com

mgyoe.com SAMPLE BOOK

ပထမအကြိမ် တစ်နိုင်ငံလုံး၏ မြတ်နိုး စုံမက်ခြင်းကို အညီအညွတ် ခံယူရရှိလာသည်။ တိုင်းသူပြည်သားတို့သည် နိုင်ငံရေး၊ သာသနာရေး စိတ်ဓာတ် တက်ကြွနေသူများ ဖြစ်သည်။ လူသစ်တည်၍ ပြည်သစ် ဆောက်နေကြသူများ ဖြစ်သည်။ မင်းနှစ်ပါးသည် နှုတ်ဖျို ထက်မြက်သူများ ဖြစ်သည်။ နိုင်ငံတွင် ကိုယ် နှုတ် နှလုံး တစ်ပြေးညီညာ. ဖြစ်အောင် ဆောင်ရွက်နေသူများ ဖြစ်သည်။ ထို့ကြောင့် မုခ်ဦး ခြသေ့ရုပ် ပြည့်ဖြိုးခြင်း၊ ခွန်အားကြီးခြင်းတို့သည် ထိုခေတ်၏ သဘောကို လည်းကောင်း၊ ထို တိုင်းသူပြည်သားတို့၏ သဘောကို လည်းကောင်း၊ ထိုမင်း နှစ်ပါး၏ သဘောကို လည်းကောင်း မလွန်ဆန်နိုင်သော ပန်းရန်ပျံတို့၏လက်ရာပင် ဖြစ်လေစွ။ ရွှေစည်းခုံစေတီ၏ပုံတော် ကြံ့ခိုင်ခြင်း၊ ထက်မြက်ခြင်း၊ တက်ကြွ အားရဖွယ် ဖြစ်ခြင်းသည်လည်း ထိုသို့သော ပန်းရန်ပျံတို့၏ လက်ရာပင် ဖြစ်လေစွ။

ရွှေစည်းခုံတွင် ထိုသို့ ဖူး၍ ထိုသို့ တွေးနေရသည်မှာ ကောင်းလှပါ၏။ သို့ရာတွင် နေ နည်းသွားမည်။ ကျန်စစ်သား မင်းကြီး တည်တော်မူသော အာနန္ဒာ ဘုရားသို့ သွားလိုက်ချင်သေးသည်။ ကျန်စစ်သားမင်းကြီး လက်ထက်တွင် ငရမန် သူပုန်ကို အောင်ပြီးသည်မှ စ၍ နိုင်ငံရေး၌လည်း ရန်ပြေကုန်ကြပြီ။ သာသနာရေး၌လည်း မာန်ပြေကုန်ကြပြီ။ တိုင်းပြည်သည် ငြိမ်းချမ်းရေးမှ တည်တံ့ခိုင်မြဲရေးသို့ ချီတက်နေပြီ။ ကျန်စစ်သားမင်းကြီး ဆိုသည်မှာ သတ္တိ၊ ဗျတ္တိ ရှိသူ ဖြစ်သော်လည်း နိုင်ငံအေးချမ်းမှုကို ပို၍ လိုလားသူ ဖြစ်သည်။ နိုင်ငံကို မျှတစွာ အုပ်ချုပ်သူ ဖြစ်သည်။ အတင့်အတယ်၊ အဖွယ်အရာကို ကြိုက်သူ ဖြစ်သည်။ အာနန္ဒာတွင် ထိုခေတ်၏သဘော၊ ထိုမင်း၏ သဘောတို့ကို ကောက်ယူနိုင်လေသည်။

ရွှေစည်းခုံကို ဧရာဝတီ မြစ်ကမ်းပါး၌ တည်ထားသည်။ ရွှေစည်းခုံကို အကြေအညာ အဝေးအလံအရပ်မှ ဖူးမြင်နိုင်သည်။ ရွှေစည်းခုံ ခြေတော်ရင်း အရပ်လေးမျက်နှာ၌ ခြသေ့ရုပ် နှစ်ရုပ်စီ အစောင့်ထားသည်။ ရွှေစည်းခုံသည် နိုင်ငံ့အင်အားကို ပြထားသည်နှင့်ပင် တူလေသည်။ 'ရဲလျှင် ထွက်ခဲ့ကြဟေ့' ဟု ကြုံးဝါးနေသည်နှင့်ပင် တူလေသည်။ အာနန္ဒာကို အတွင်းဘက်၌ တည်ထားသည်။ အာနန္ဒာကို ပုဂံမြို့သို့ ချဉ်းကပ်လာသောအခါမှ ဖူးမြင်နိုင်သည်။ တံတိုင်းရံ၍ တံတိုင်း လေးမျက်နှာတွင် မုခ်ပြာသာဒ် တစ်ဆောင်စီ ဆောက်ထားသည်။ တံတိုင်းအတွင်း ဗဟိုတန်ဆောင်းမ မှ လေးဆောင်သော တံတိုင်းမုခ်ပြာသာဒ် တူရှုသို့ လေးဆောင်သော အာရုံခံမုခ်ပြာသာဒ်တို့ကို အထွက်အကြို


mgyoe.com

mgyoe.com

SAMPLE BOOK

ပြုထားသည်။ ဗဟိုတန်ဆောင်းမအပေါ်တွင် ပစ္စယာ အဆင့်ဆင့်တင်၍ စေတီ ပေါက်ထားသည်။ အာနန္ဒာသည် နိုင်ငံတော် ငြိမ်းချမ်း တည်တံ့နေမှု၊ မျှတမှု၊ အတင့်အတယ် အဖွယ်အရာ ရှိမှုတို့ကို ခင်းကျင်းထားသည်နှင့်ပင် တူလေသည်။ 'ချစ်သားတို့ လာလှည့်ကုန်၊ ပျော်လှည့်ကုန်၊ ပါးလှည့်ကုန်' ဟု မြွက်ခေါ် နေသည်နှင့်ပင် တူလေသည်။

အာနန္ဒာ တန်ဆောင်းမ အတွင်းသို့ ဝင်ကြဦးစို့။ ဝင်လျှင် အရှေ့ဘက် တံတိုင်းမုခ်ပြာသာဒ်မှသာ ကျွန်တော် ဝင်လိုသည်။ တောင်ဘက်၊ မြောက် ဘက်၊ အနောက်ဘက်တံတိုင်း မုခ်ပြာသာဒ် တစ်ခုခုမှ ဝင်လျှင် ကျွန်တော်၏ ဝင်ခြင်းသည် ရှေးခေတ်ပုဂံသားတို့၏ ဝင်ခြင်းနှင့် တူမည် မထင်။ ရှေးခေတ် ပုဂံသားတို့ ခံစားရမည် ဖြစ်သော ဘုရားဖူး အရသာမျိုးကို ခံစားရမည် မထင်။ တောင်ဘက်၊ မြောက်ဘက်၊ အနောက်ဘက်တို့တွင် တံတိုင်းမုခ်ပြာသာဒ်နှင့် တန်ဆောင်းမ၏ အာရုံခံမုခ် ပြာသာဒ်တို့ အကြား၌ ရင်ပြင်ကွက်လပ် ဟူ၍ မရှိတော့ချေ။ မျက်မှောက်ခေတ် တိုက်စောင်းတန်းများက ဝင်ကွယ်နေကြလေ ပြီ။ အရှေ့ဘက် တစ်ခုတည်း၌သာလျှင် ပုဂံခေတ်မှာကဲ့သို့ ရင်ပြင်ကွက်လပ် ကျန်နေသည်။ ထို့ကြောင့် အရှေ့ဘက်တံတိုင်း ပြာသာဒ်မှသာ ကျွန်တော် ဝင်လိုခြင်း ဖြစ်လေသည်။

အာနန္ဒာကို တည်စဉ်က ကျန်စစ်သားမင်းကြီးသည် အာနန္ဒာဘုရားဖူး အား တံတိုင်းမုခ်ပြာသာဒ်တစ်ခုခုတွင် တစ်အောင့်မျှ နေနားစေလိုဟန် တူလေ သည်။ ထို့နောက်မှ တန်ဆောင်းမ အပေါ်၌ ပေါက်ထားသော စေတီတော်ကို မော်ဖူးစေလိုဟန် တူလေသည်။ ထို့ကြောင့် တံတိုင်းမုခ်ပြာသာဒ်၏ မျက်နှာ တူရူ၌ ရင်ပြင်ကွက်လပ်ကို ချန်ထားခြင်း ဖြစ်လေသည်။ ဤသို့ဖြင့် ထိုဘုရားဖူး အား ရင်ပြင်ကွက်လပ် အဆုံး၌ ရှိသော အာရုံခံမုခ်ပြာသာဒ်ကို ရှင်းရှင်းမြင်စေ သည်။ ဤသို့ဖြင့် ထိုအမြင်ကို ထို အာရုံခံမုခ်ပြာသာဒ်၏ ဥကင်အထွတ်သို့ ရောက်စေသည်။ ထိုမှတစ်ဆင့် စေတီအထွတ်သို့ ရောက်စေပြန်သည်။ ကျန် စစ်သား မင်းကြီးသည် အာနန္ဒာကို တည်စဉ်က ထိုသို့ပင် အလိုရှိတော်မူခဲ့ ဟန် တူလေသည်။ ပုဂံခေတ် ပန်းရန်ပျံတို့ကလည်း မင်းကြီး အလိုရှိတော်မူ သည့်အတိုင်းပင် မိမိတို့၏ ဉာဏ်စွမ်း၊ လက်စွမ်းကို ပြခဲ့ဟန် တူလေသည်။

ထို့နောက် အာနန္ဒာဘုရားဖူးသည် တံတိုင်းမုခ်ပြာသာဒ်မှ တန်ဆောင်းမ အတွင်းသို့ ဝင်ဖူးရန် ရှိလေသည်။ တန်ဆောင်းမအတွင်း ဗဟိုအချက်အချာတွင် အရှေ့၊ အနောက်၊ တောင်၊ မြောက် လေးမျက်နှာ၌ မတ်ရပ် ဆင်းတုတော်

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ဆူစီ တည်ထားလေသည်။ ဤတွင်လည်း ကျန်စစ်သားမင်းကြီးသည် ထို ဘုရားဖူးအား မတ်ရပ် ဆင်းတုတော် ခြေရင်း၌ မာန်ကို လျှော့ချစေလိုဟန် တူလေသည်။ ရတနာသုံးပါးသာလျှင် ကိုးကွယ်ရာ၊ မှီခိုရာ၊ လဲလျောင်းရာ ဖြစ်ပေသည်တကား ဟူသော သဒ္ဓါကို ပွားစေလိုဟန် တူလေသည်။ ထို့ကြောင့် အာရုံခံမုခ်ပြာသာဒ်၏ မျက်နှာကြက်ကို အပြန့်မပြုဘဲ ဥကင်သဖွယ် ဝဲဘက်၊ ယာဘက်တို့သို့ နိမ့်လျှောပြုထားခြင်း ဖြစ်လေသည်။ ထိုအခါ မျက်နှာကြက် ခေါင်ကြောင်းသည် ပြတ်သား ထင်ရှားသည်။ မုခ်ဝမှ အတွင်းဘက်သို့ တန်း၍ ဝင်သွားသည်။ ထိုမှတစ်ဆင့် မတ်ရပ် ဆင်းတုတော်၏ မျက်နှာတူရူသို့ ညွှန်ပြနေဘိသကဲ့သို့ ဖြစ်လာသည်။

ထိုခေါင်ကြောင်းသည် အာနန္ဒာဘုရားဖူး၏မျက်စိကို ချူရန် ဖြစ်လေသည်။ ချူမိလျှင် ထိုမျက်စိကို မတ်ရပ် ဆင်းတုတော်၏ မျက်နှာတော်သို့ ပို့ပေးမည် ဖြစ်သည်။ ဤသို့ဖြင့် ထိုမျက်စိသည် မျက်နှာတော်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်နိုင်သည်။ ရောက်လျှင် အသို့ ဖြစ်မည်နည်း။ မျက်နှာတော် တူရူတွင် အလင်းပေါက် ဖောက်ထားပြီးသည် ဖြစ်ရာ ထိုဘုရားဖူးသည် ဝန်းကျင်ပိုးဝါးတွင် မျက်နှာတော် အဝင်းအလှဲ့ကို မြင်နိုင်သည်။ တစ်ဖန် မတ်ရပ် ဆင်းတုတော်ကို တစ်ဆယ့်ရှစ်တောင်အမြင့် တည်ထားသည် ဖြစ်ရာ ထိုဘုရားဖူးသည် ခြေတော်ရင်းတွင် ကိုယ်တော်၏ အကဲအမိုးကို မြင်နိုင်သည်။ ဤသို့ဖြင့် ထို ဘုရားဖူးအား မာန်လျှော့ခြင်း၊ သဒ္ဓါခြင်းတို့ကို ဖြစ်စေသည်။ ကျန်စစ်သား မင်းကြီးသည် အာနန္ဒာကို တည်စဉ်က ထိုသို့ပင် အလိုရှိတော်မူဟန် တူလေသည်။ ပုဂံခေတ် ပန်းရန်တို့ကလည်း မင်းကြီး အလိုရှိတော်မူသည့် အတိုင်းပင် မိမိတို့၏ဉာဏ်စွမ်း၊ လက်စွမ်းတို့ကို ပြခဲ့ဟန် တူလေသည်။

ကျွန်တော်သည် အာနန္ဒာ အရှေ့ဘက်တံတိုင်း မုခ်ပြာသာဒ်မှသာ ဝင်လိုသည့်အတိုင်း ဝင်ခဲ့သည်၊ ဖူးခဲ့သည်။ ရှေးပုဂံခေတ် အာနန္ဒာဘုရားဖူးတို့ကိုလည်း အောက်မေ့ခဲ့သည်။ ကျွန်တော်သည် အာနန္ဒာမှ သရပါမြို့ဟောင်း တံခါးသို့ ပြေးလိုက်ချင်သေးသည်။ ထိုမှ ဗူးဘုရားသို့ ကူးလိုက်ချင်သေးသည်။ ထိုမှ ပိဋကတ်တိုက်သို့ ပြန်လာချင်သေးသည်။ ထိုမှ ရွှေဂူကြီး၊ သဗ္ဗညု၊ နတ်လှောင်ကျောင်း၊ ပုထိုးသားများ၊ ကန်တော့ ပလ္လင်တို့ကို ခုန်လိုက်ချင်သေးသည်။ ထိုမှ မင်္ဂလာစေတီ၊ မနူဟာ၊ ဓမ္မရံကြီး၊ စူဠာမဏိ၊ ထီးလိုမင်းလို၊ ဥပါလိသိမ်တို့ကို လွှားလိုက်ချင်သေးသည်။ ထိုမှ အပါယ်ရတနာ၊ နဂါးရုံ၊ လောကနန္ဒာတို့သို့ ပျံလိုက်ချင်သေးသည်။ နန္ဒမညတွင် ပန်းချီကို ကြည့်ချင်သေး



mgyoe.com

mgyoe.com


သည်။ နန်းဘုရားတွင် ပန်းတမော့ကို ကြည့်ချင်သေးသည်။ ဂူပြောက်ကြီးတွင် ပန်းတော့ကို ကြည့်ချင်သေးသည်။ ရွှေဖက်လိပ်၊ ငွေဖက်လိပ်တွင် ဖုတ်မြေစဉ့်ကွင်းကို ကြည့်ချင်သေးသည်။ ငကျွဲနားတောင်းတွင် စဉ့်စိမ်းကို ကြည့်ချင်သေးသည်။ မြစေတီ၌ ရာဇကုမာရ ကျောက်စာကို ဖတ်ချင်သေးသည်။ တစ်ခေါက်တည်းတွင် ကျွန်တော် လောဘကြီးလွန်းနေသည်။

ပုဂံကို သိချင်လျှင် တစ်ခေါက်နှင့်လည်း မပြီးနိုင်၊ နှစ်ခေါက်နှင့်လည်း မပြီးနိုင်၊ သုံးခေါက်နှင့်လည်း မပြီးနိုင်၊ အခေါက်ခေါက် အခါခါနှင့်မှ ပြီးနိုင်မည်။ ကျွန်တော်တို့၏ အဆင့်ဆင့်သော ဘိုးဘွားတို့သည် တစ်ခါတစ်ခေတ်ကသော် နိုင်ငံထူထောင်ရေး၌ အလွန် စိတ်ထက်သန်ခဲ့ကြပါပေသည်တကား။ သာသနာ ပွင့်လန်းရေး၌ အလွန်စိတ်ထက်သန်ခဲ့ကြပေသည်တကား။ နောင်လာနောက်သားတို့ အကျိုးအတွက် အလွန် အလုပ်လုပ်ခဲ့ကြပါပေသည်တကား။ ကျောက်၊ အုတ်တို့ဖြင့် ပြီးသော အထုကြီးအထည်ကြီးတို့ကို ကိုင်တတ်ကြပါပေသည်တကား။ ကျွန်တော်သည် ဤတစ်ခေါက်တွင် ဤသို့ မြည်တမ်းကာ သာလျှင် သာခုခေါ်၍ ပုဂံမြို့ဟောင်းမှ ခွာခဲ့လေသည်။

ပုဂံမြို့ဟောင်းမှအပြန်တွင် ညောင်ဦးကို ဖြတ်သွားရသည်။ ညောင်ဦးကို ဖြတ်သွားရသည့်အတူတူ ဆပဒစေတီသို့ ဝင်ဖူးသွားချင်လာပြန်သည်။ နောက်တစ်ခေါက်မှာမှ ဖူးလျှင်လည်း ဖြစ်ပါ၏။ သို့ရာတွင် ဆပဒသည် ညောင်ဦးဈေး တောင်ဘက် အနီးကလေးတွင် ရှိသည် ဖြစ်ရာ သွားဖူးလိုက်က ကောင်းပါသည်။

ဆပဒစေတီသည် ဆပဒမထေရ် တည်ထား ကိုးကွယ်သော စေတီ ဖြစ်သည်။ ဆပဒမထေရ်သည် ပုသိမ်ဇာတိ ဖြစ်သည်။ သာမဏေဘဝနှင့် သီဟိုဠ်သို့ ပါသွားသည်။ သီဟိုဠ်တွင် သယ်ာကံပြု၍ ပဥ္စင်းခံသည်။ သီဟိုဠ်တွင် ဆယ်ဝါခန့် စာသင်သည်။ ထို့နောက် ပုသိမ်သို့ ပြန်လာသည်။ ထို့နောက် ပုဂံသို့ တက်လာ သီတင်းသုံးသည်။ ဆပဒ မထေရ်သည် ပိဋကတ်ဆောင်နိုင်သူ ဖြစ်သည်။ နောင်အခါ ပုဂံတွင် သီဟိုဠ်သာသနာဂိုဏ်းသစ် ထောင်လေသည်။ ဂိုဏ်းသစ်ထောင်လိုသဖြင့် ဆပဒစေတီကို တည်ခြင်း ဖြစ်လေသည်။ ထို့ကြောင့် ဆပဒစေတီ၏ ပုံတော်သည် သီဟိုဠ်ပုံ ဖြစ်လာသည်ဟု ထင်မိလေသည်။

ဆပဒစေတီကို ကျွန်တော် ဖူးရသောအခါ ဖူးရင်းပင် ရှေးပုဂံခေတ်က မြန်မာနိုင်ငံသားတို့၏ ကိုယ် နှုတ် နှလုံး အမူအရာကို အံ့သြ၍မဆုံး ဖြစ်ခဲ့ရလေသည်။ ပုသိမ်ကျေးက နိုင်ငံသားတစ်ဦးသည် နေပြည်တော် ပုဂံတွင် ခေါင်း

mgyoe.com

mgyoe.com SAMPLE BOOK

ဆောင်တစ်ဦး ဖြစ်လာနိုင်ပါပေသည်။ ပုဂံသာသနာ အားကြီးရာ ဒေသတွင် သီဟိုဠ်ဂိုဏ်းသစ်ကို ထောင်ရဲပါပေသည်။ ဆပဒစေတီတော်၏ ပုံတော် ကြည်လင် ပြတ်သားခြင်းသည် ထို အကြောင်းများကြောင့်ပင် ဖြစ်တန်ရာသည်။ တစ်ဖန် ထို့ထက် အံ့သြဖွယ် ကောင်းသည်ကား နေပြည်တော်ပုဂံက နိုင်ငံသားများကလည်း ပုသိမ်ကျေးက နိုင်ငံသားတစ်ဦး၏ ခေါင်းဆောင်မှုကို လက်ခံတတ်ကြပါပေသည်။ ဂိုဏ်းသစ်ထောင်မှုကို ကြည်လင်တတ်ကြပါပေသည်။ လှေကားနှင့်၊ မုခ်နှင့် ဆပဒစေတီ သာသာယာယာ ရှိခြင်းသည် ထိုအကြောင်းများကြောင့်ပင် ဖြစ်တန်ရာသည်။

ကျွန်တော်သည် ဆပဒစေတီကို ဖူးမြော်ပြီးသည့်နောက် ရှေးပုဂံခေတ်က မြန်မာနိုင်ငံသားတို့သည် နိုင်ငံသားစိတ် မွေးတတ်ကြပေသည်တကား၊ ပြုရဲသောသတ္တိ ရှိကြပေသည်တကား၊ အကြည်အသာ ခွင့်ပေးတတ်သော သတ္တိရှိကြပေသည်တကားဟု မြည်တမ်းကာ ညောင်ဦးမှ ခွာခဲ့ပါသတည်း။

*ဆရာဇော်ဂျီ စာပေါင်းချုပ်(ပထမတွဲ) မှ*

mgyoe.com

mgyoe.com SAMPLE BOOK

# တိုင်းပြည်ပြုလွှတ်တော်နှင့် ကျွန်တော်

mgyoe.com

mgyoe.com SAMPLE BOOK

ဗိုလ်ပုံအလယ်၌
မြင်ရခဲ့လှသော
ဗိုလ်ချုပ်၏ အပြုံးကို လည်းကောင်း၊
ဗိုလ်ပုံအလယ်၌
ခဏခဏ မြင်ရတတ်သော
သခင်မြ၏ အရုက်ကို လည်းကောင်း
ကျွန်တော် ပြေးမြင်လိုက်မိပါသည်

mgyoe.com

mgyoe.com SAMPLE BOOK

တစ်နေ့သ၌ ကျွန်တော်သည် မိတ်ဆွေ အယ်ဒီတာ ဖက်တီးကြီးနှင့် တွေ့ပါသည်။ တွေ့ရာအရပ်သည် ရွှေတိဂုံစေတီတော် ဖြစ်၍ စကားပြောကြရာထောင့်သည် ရာဟုထောင့် ဖြစ်ပါသည်။ ကျွန်တော်က "မတွေ့ မတွေ့နဲ့ တွေ့ပြန်တော့လည်း ရာဟုထောင့်မှာ လာတွေ့ကြတာကိုးဗျ၊ ဖက်တီးကြီးရ" ဟု ဆိုမိပါသည်။ ထို့ကြောင့် ဖက်တီးကြီးက "ကိုင်း . . ရာဟုထောင့်မှာ လာတွေ့ကြတော့ ခင်ဗျားအဖို့ ကျိန်းကျေသွားပြီပေါ့ဗျာ၊ ကျိန်းချေတဲ့အနေနဲ့ ဒုက္ခလေးတစ်ခု ပေးချင်တယ်" ဟု ဆိုပါသည်။

"ဆိုစမ်းပါ၊ ခင်ဗျား ဒုက္ခကလေး"

"ဆောင်းပါးလေး ဘာလေး ရေးပေးဦးဗျာ၊ ခင်ဗျား သိပ်ပျင်းတဲ့လူ"

"အင်း . . ဒုက္ခပါပဲဗျာ၊ ဆောင်းပါး မရေးတာ ကြာသွားတော့ လက်ခက်နေပြီဗျ"

သို့ရာတွင် ဖက်တီးကြီးသည် ကျွန်တော့်ကို စစ်ဦးဘီလူး အရေးခိုင်းပါသည်။ ကျွန်တော်က ဘယ်ညာ တိမ်းရှောင်ကာ ငြင်းပါသည်။ နောက်ဆုံးတွင် ဖက်တီးကြီးသည် လက်လျှော့၍ "အေးလေ . . လက်ခက်ပြီ ဆိုရင်လည်း အခက်သားကလား၊ ဒါနဲ့ဗျာ တိုင်းပြည်ပြုလွှတ်တော်ကြီးကို ခင်ဗျား သတိရသေးရဲ့လား" ဟု ကျွန်တော့်ကို မချိုမချဉ် မျက်နှာပေးနှင့် မေးပါသည်။ ကျွန်တော်သည် ဖက်တီးကြီး၏ မေးခွန်းကို ချက်ချင်းဖြေလိုက်နိုင်ပါသည်။ အဘယ့်ကြောင့် ဆိုသော် တိုင်းပြည်ပြု လွှတ်တော်ကို ကျွန်တော်တို့သည် အဘယ်မှာလျှင် သတိမရဘဲ နေနိုင်ကြပါအံ့နည်း။ တိုင်းပြည်ပြု လွှတ်တော်သည် ကျွန်တော်တို့၏ နိုင်ငံ့သမိုင်းတွင် အမိကရ ကျောက်တိုင်ကြီးတစ်တိုင် မဟုတ်



mgyoe.com

mgyoe.com SAMPLE BOOK

ပါလော။ သို့ရာတွင် ကျွန်တော်သည် ဖက်တီးကြီး၏ မချိုမချဉ် မျက်နှာပေးကို မသက်ာ ဖြစ်နေသဖြင့် ချက်ချင်း မဖြေသေးဘဲ နေပါသည်။

ပြည်ထောင်စုသားများ၏ နိုင်ငံရေးဘဝခရီးစဉ်တွင် ကျွန်တော်တို့သည် အရှင်သီပေါမင်း လက်ထက်အထိ သက်ဦးဆံပိုင်မင်း၏ မျက်နှာကိုသာ ကြည့်၍ ခစားခဲ့ကြရပါသည်။ မှားသည် ဖြစ်စေ၊ မှန်သည် ဖြစ်စေ သူ့စကားကိုသာ မြေဝယ်မကျ နားထောင်၍ ပြုမူခဲ့ကြရပါသည်။ ထို့ကြောင့် ကိုယ့်မင်းကိုယ့်ချင်း ဖြစ်၍ ကိုယ့်နိုင်ငံ လွတ်လွတ်လပ်လပ် ရှိခဲ့သည်ဟု ဆိုရသော်လည်း တိုင်းသူပြည်သား လူအများမှာမူကား မလွတ်လပ်သော ဘဝဖြင့်သာ အရိုးထုတ်ခဲ့ကြရပါသည်။

ထို့ကြောင့် သီပေါမင်း ပါတော်မူသောအခါ၌ သူ့ကျွန်ဘဝသို့ ရောက်ခဲ့ကြရသည်။ ထိုအခါ မျိုးခြားမင်းသည် သက်ဦးဆံပိုင်မင်း မဟုတ်သဖြင့် ကျွန်တော်တို့ကို သူ့ကျွန်ဘဝတွင် ဥပဒေ စည်းကမ်းထား၍ အုပ်ချုပ်လာရလေသည်။ ထို့ကြောင့် ကျွန်တော်တို့သည် အခြေခံ လူ့အခွင့်အရေးအတွက် ဥပဒေ စည်းကမ်း၏ အကာအကွယ်ကို အသင့်အတင့် ရကြ၍ အသက်ရှူ ချောင်သလိုလို ရှိခဲ့ကြပါသည်။ သို့ရာတွင် စည်းကမ်း ဥပဒေသည် ကျွန်တော်တို့၏ ဥပဒေ စည်းကမ်း မဟုတ်၊ သူ့ဥပဒေစည်းကမ်း ဖြစ်နေရာ ကျွန်တော်တို့သည် သူ့နှာခေါင်းဖြင့်သာ အသက်ရှူကြရသည်။ သူက ရှူဆိုမှ ရှူကြရသည်။ မရှူနှင့်ဦးဟု ဆိုလျှင် မရှူရဘဲ အသက်အောင့်ထားကြရသည်။

၁၉၄၈ ခုနှစ်သို့ ရောက်လာသောအခါမှသာ ကျွန်တော်တို့သည် သူ့ကျွန်ဘဝမှ လွတ်၍ ကိုယ့်နှာခေါင်းနှင့်ကိုယ် အသက်ရှူနိုင်ခွင့် ရလာကြပါသည်။ သူ့နှာခေါင်းမှ ကိုယ့်နှာခေါင်းသို့ ပြောင်း၍ အသက်ရှူနိုင်အောင် ကျွန်တော်တို့သည် ကိုယ့်တိုင်းပြည်ဥပဒေကို ကိုယ့်တိုင်းပြည်အကြိုက်အတိုင်း ပြုခဲ့ကြပါသည်။ ရှေးဦးစွာ ကျွန်တော်တို့သည် ၁၉၄၇ ခုနှစ် ဧပြီလတွင် မြေပြန့်၌သာမက တောင်တန်း၌လည်း ပြည်သူ့ကိုယ်စားလှယ် အမတ်ရွေးကောက်ပွဲများကို ကျင်းပခဲ့ကြပါသည်။ ပြီးသောအခါ ထို ကိုယ်စားလှယ်အမတ်များကို စုပေါင်း၍ ဇွန်လ ၉ ရက်နေ့တွင် တိုင်းပြည်ပြုလွှတ်တော်ကို ဖွဲ့စည်းကြပါသည်။ ထို့နောက် လွှတ်တော်အစည်းအဝေးများ ကျင်းပ၍ ကိုယ့်တိုင်းပြည် ဥပဒေကို ကိုယ့်အကြိုက်အတိုင်း ဆွေးနွေးတိုင်ပင်ကာ ရေးကြပါသည်။ ရေးပြီးကြသောအခါ စက်တင်ဘာလ ၂၄ ရက်နေ့၌ လွှတ်တော်တစ်ရပ်လုံးက လက်ခံ အတည်ပြုပါသည်။ တိုင်းပြည် လွတ်လပ်သောအခါ ထိုဥပဒေသည် ပြည်ထောင်စု

mgyoe.com

mgyoe.com


သမ္မတ မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ဖြစ်လာပါသည်။ ယခုအခါတွင် ကျွန်တော်တို့သည် ထိုတိုင်းပြည်ပြုလွှတ်တော်၏ ကျေးဇူးကြောင့် ကိုယ့်နှာခေါင်းနှင့်ကိုယ် အသက်ရှုနိုင်ကြပါပြီ။ ထို့ကြောင့် တိုင်းပြည်ပြု လွှတ်တော်ကို သတိရသေး၏လောဟု ဖက်တီးကြီး မေးလိုက်စဉ်က မေးရပါမည်လော၊ မေးနေရသေးသလော ဟူသော မသက်ာစိတ် ကျွန်တော့်၌ ပေါ်ခဲ့ခြင်း ဖြစ်ပါသည်။

ဖက်တီးကြီးသည် အတင့်ရဲသူ ဖြစ်လေသည်။ မသက်ာ ဖြစ်နေသော ကျွန်တော်၏ အမူအရာကို သူ ချက်ချင်း အကဲခတ်နိုင်လေသည်။ ထို့ကြောင့် သူက "အိုဗျာ . . ကျွန်တော်လည်း ခင်ဗျား သတိရသလို ရတုန်းပါပဲဗျ၊ လွှတ်တော်ကြီးရဲ့ ပထမနေ့ အစည်းအဝေးမှာ သခင်မြက သဘာပတိအဖြစ် ဆောင်ရွက်တယ်ဗျာ၊ ပြီးတော့ ဗိုလ်ချုပ်အောင်ဆန်းက ထပြီး အခြေခံဥပဒေကြီးရဲ့ အုတ်မြစ်ဖြစ်တဲ့ မူ ခုနစ်ချက်ကို လွှတ်တော်အစည်းအဝေးမှာ တင်ပြ အဆိုသွင်းတယ်ဗျာ၊ ဒီမူ ခုနစ်ချက်ကို လွှတ်တော် တစ်ရပ်လုံးက လက်ခံသဘောတူကြတယ်ဗျာ၊ ပြီးတော့ ဒီမူ ခုနစ်ချက်ကို အခြေခံပြီး အခြေခံဥပဒေ အကြမ်း ရေးဆွဲရေး ကော်မတီကို ခန့်တယ်ဗျာ၊ နိုင်ငံတော်အလံ၊ နိုင်ငံတော်သီချင်း၊ နိုင်ငံတော်တံဆိပ် ကော်မတီကိုလည်း ခန့်တယ်ဗျာ၊ ပြီးတော့ ဗိုလ်ချုပ်အောင်ဆန်းတို့ ကျဆုံးကြရှာတဲ့အခါမှာ ဦးနုက ဗိုလ်ချုပ်နေရာမှာ ဝင်ပြီး ဆောင်ရွက်တယ်ဗျာ၊ ညောင်ရွှေစော်ဘွားကြီးက လွှတ်တော်ဥက္ကဋ္ဌ နေရာမှာ ဝင်ပြီး ဆောင်ရွက်တယ်ဗျာ၊ ပြီးတော့ အခြေခံဥပဒေအတွက်ရော နိုင်ငံတော်အလံ၊ နိုင်ငံတော်သီချင်း၊ နိုင်ငံတော်တံဆိပ်တို့အတွက်ရော လုပ်ငန်းပြီးစီးကြလို့ စက်တင်ဘာလမှာ လွှတ်တော်တစ်ရပ်လုံးက လက်ခံ အတည်ပြုတယ်ဗျာ၊ ဒါတွေကိုတော့ ကျွန်တော်လည်း သတိအရသားပေါ့ဗျ၊ စာအုပ်တွေထဲမှာ ရေးထားကြတာလည်း အရှိသားပဲ၊ ကျွန်တော်က စာအုပ်တွေထဲက အကြောင်းတွေကို သိချင်တာ မဟုတ်ဘူးဗျ၊ ကိုင်း . . သိပလား"ဟု ဖက်တီးကြီးက မကျေနပ်ဟန်ဖြင့် ဆိုပါသည်။

ဟုတ်ပါပေသည်။ ဖက်တီးကြီးသည် စာဖတ်ဝါသနာပါသူ ဖြစ်ပါသည်။ ဖြစ်တတ်သည်မှာ မည်သူမဆို စာဖတ်ရဖန် များလာလျှင် တစ်ခါတစ်ခါ စာအုပ်ကို ငြီးငွေ့၍ စာသိ သုတနှင့် အားမရ တင်းမတိမ် ဖြစ်လာတတ်လေသည်။ ထိုအခါမျိုးတွင် ထိုသူသည် တရုးရိပ်သာ တစ်ခုခုသို့ သွားချင်လျှင် သွားပေလိမ့်မည်။ သို့တည်းမဟုတ် မိမိကိုယ်တိုင် ပြောရဆိုရ၊ လုပ်ရကိုင်ရ၊ ထထကြွ


mgyoe.com

mgyoe.com SAMPLE EBOOK

ကြွ အလုပ်မျိုးကို လုပ်ချင်လျှင် လုပ်ပေလိမ့်မည်။ သို့တည်းမဟုတ် ပတ်ဝန်းကျင်လောက၌ တွေ့တတ်ကြုံတတ်သော ရယ်စရာ၊ ကြည်နူးစရာ၊ ဝမ်းမြောက်စရာ၊ ဝမ်းနည်းစရာ၊ သနားစရာ၊ လွမ်းစရာ၊ စဉ်းစားစရာ ကိုယ်တွေ့ သုတဘက်သို့ သန်လာ၍ သုတနောက်သို့ လိုက်ချင်လျှင် လိုက်ပေလိမ့်မည်။

ဖက်တီးကြီး၏ ဝမ်းဗိုက်သည် ရွဲနေပါသည်။ ရွဲနေသော သူ့ဝမ်းဗိုက်၏ လက္ခဏာကို ထောက်သော် ဖက်တီးကြီးသည် တရားရိပ်သာတစ်ခုခုသို့ သွားချင်သော ပထမချင်ခြင်း၌ စိတ်ဝင်စားမည် မဟုတ်သေးဟု ကျွန်တော် ယူဆလိုက်မိပါသည်။ ဗိုက်ရွဲတိုင်းကို မဆိုလိုပါ။ အမှန်မှာ ကျွန်တော်၏ ဗိုက်ပိန်ကလေးသည်ပင် ဖက်တီးကြီး၏ ဗိုက်ရွဲကဲ့သို့ ဖြစ်နေပါသေးသည်။

ထိုသို့တပြီးကား ဖက်တီးကြီး၏ ဝမ်းဗိုက်သည် ဒုတိယ ချင်ခြင်း၌ သော်လည်းကောင်း၊ တတိယ ချင်ခြင်း၌ သော်လည်းကောင်း၊ နှစ်ခုစလုံး၌ သော်လည်းကောင်း စိတ်ဝင်စားနိုင်စရာအကြောင်း ရှိပါသည်။ ကျွန်တော့်အား ဆောင်းပါး အရေးခိုင်းနေသည်ကို ထောက်လျှင် တတိယ ချင်ခြင်းကြောင့် ဖြစ်တန်ရာပါသည်။ ထို့ကြောင့် ကျွန်တော်သည် ကျွန်တော်၏ မသက်ာ အမူအရာကို အကဲစမ်း အမူအရာသို့ ပြောင်း၍ "သတိရတာပေါ့ဗျာ၊ ခင်ဗျား မေးလိုက်တာနဲ့ တစ်ပြိုင်နက် လွှတ်တော်ကြီးရဲ့ ပထမနေ့ အစည်းအဝေးကို ပြေးပြီး သတိရလိုက်တယ်ဗျ" ဟု အဖြေပေးလိုက်ပါသည်။

တိုင်းပြည်ပြု လွှတ်တော်၏ ပထမနေ့ အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းသည် ပထမ ထ၍ စကားပြောသူ ဖြစ်ပါသည်။ ဗိုလ်ချုပ်သည် ထိုင်ရာမှ ထ၍ သခင်မြကို အစည်းအဝေး၏ သဘာပတိအဖြစ် အဆိုသွင်းပါသည်။ ဗိုလ်ချုပ်၏ အဆိုကို အမတ်များက ထောက်ခံကြသဖြင့် သခင်မြသည် သဘာပတိအရာကို လက်ခံရပါသည်။ ထိုအခါ ဗိုလ်ချုပ်သည် သူ့နေရာမှ ထ၍ သခင်မြနေရာသို့ သွားပါသည်။ ထို့နောက် သခင်မြ၏ လက်ကို ဆွဲ၍ သခင်မြကို သဘာပတိ စင်မြင့်အထိ လိုက်ပို့ပါသည်။ ထိုအခါကသော် ဗိုလ်ပုံ အလယ်၌ မြင်ရခဲလှသော ဗိုလ်ချုပ်၏အပြုံးကို လည်းကောင်း၊ ဗိုလ်ပုံအလယ်၌ ခဏခဏ မြင်ရတတ်သော သခင်မြ၏ အရှက်ကိုလည်းကောင်း ကျွန်တော် ပြေးမြင်လိုက်မိပါသည်။ ဗိုလ်ချုပ်နှင့် သခင်မြ၊ လူငယ်နှင့် လူကြီး၊ လုပ်ဖော်နှင့် ကိုင်ဖက်၊ အပြုံးနှင့် အရှက် ဖက်မိကြပါပေသည်။

ထိုအခါ ဖက်တီးကြီးက "သိပ်ကြည်နူးဖို့ ကောင်းတဲ့ မြင်ကွင်းပဲဗျို့" ဟု သူ့ပေါင်ကို သူ ပုတ်၍ ပြောပါသည်။


mgyoe.com

mgyoe.com

ဖက်တီးကြီး၏ ချင်ခြင်းသည် တတိယ ချင်ခြင်း၌ အကျုံးဝင်နေပြီဟု ကျွန်တော် ရိပ်မိလာပါသည်။ ထို့ကြောင့် ကျွန်တော်က "နေဦးဗျ၊ ကျွန်တော် သတိရတာတစ်ခုရှိသေးတယ်၊ ဒါကတော့ အမတ်တွေဟာ တိုင်းပြည်ပြုလွှတ်တော် ထဲမှာ အပေးအယူလုပ်ပြီး ဆောင်ရွက်သွားကြပုံပဲဗျ" ဟု ဆက်၍ပြောပါသည်။

အခင်းအငြင်း ဖြစ်၍ ကော်မတီ ဖွဲ့စည်း ဆွေးနွေး ဆောင်ရွက်ရသော ကိစ္စမျိုးတွင် သူကလည်း အကြံပေးချင်တတ်သည်၊ ငါကလည်း အကြံပေးချင် တတ်သည်။ တစ်ခါတစ်ရံ ကော်မတီတွင် ကိုယ့်အကြိုက်အတိုင်း အတင်းထိုး ထည့်ချင်သူလည်း ပါတတ်သည်။ ကိုယ့်အကြိုက်အတိုင်း အတင်းဖြုတ်ပစ် ချင်သူလည်း ပါတတ်သည်။ လူလည် လုပ်ချင်သူလည်း ပါတတ်သည်။ ဆရာ လုပ်ချင်သူလည်း ပါတတ်သည်။ ဩဇာပေးချင်သူလည်း ပါတတ်သည်။ နှမ်းဖြူး ချင်သူလည်း ပါတတ်သည်။ ကန့်လန့်လုပ်ချင်သူလည်း ပါတတ်သည်။ ဒေါသ ကြီးချင်သူလည်း ပါတတ်သည်။ ဆင်ကြံကြံနေ၍ ချက်ကောင်း တွေ့သောအခါ မှာမှ ထနင်းချင်သူလည်း ပါတတ်သည်။ ထို့ကြောင့် အကျိုးတရားနှင့် အမှန် တရားတို့ကို မထောက်ထားနိုင်ကြပါက အဖွဲ့ဝင်ချင်း အပေးအယူ မပြုနိုင် ကြဘဲ လိုရာခရီးသို့ ဆက်နိုင်ကြမည် မဟုတ်ဟု ထင်ပါသည်။ သို့ရာတွင် ငါ တကော ကောချင်သော စိတ်မျိုးကို ချိုး၍၊ ငါသာ တတ်သည်၊ ငါသာ သိသည် ဟူသော စိတ်မျိုးကို နှိမ်၍ အကျိုးတရား၊ အမှန်တရားတို့ကို ထောက်ထားနိုင် ကြပါက အချင်းချင်း အပေးအယူ ပြုနိုင်ကြ၍ လိုရာခရီးသို့ ဆိုက်နိုင်ကြပါ သည်။ တစ်ဦးခေါင်း တစ်ပညာ ဖြစ်သောကြောင့် တစ်ဦးတည်း ဆောင်ရွက် သည်ထက် ပို၍ ခရီးပေါက်နိုင်ကြပါသေးသည်။

တိုင်းပြည်ပြုလွှတ်တော်က ခန့်သော အခြေခံဥပဒေကြမ်း ရေးဆွဲရေး ကော်မတီတွင် အဖွဲ့ဝင် ၇၅ ဦးခန့် ပါပါသည်။ နိုင်ငံတော်အလံ၊ နိုင်ငံတော် သီချင်း၊ နိုင်ငံတော်တံဆိပ် ကော်မတီတွင် အဖွဲ့ဝင် ၁၅ ဦးခန့် ပါပါသည်။ ထိုကော်မတီ နှစ်ခုတွင် အဖွဲ့ဝင်ဦးရေ ထိုမျှလောက် ပါသော်လည်း အဖွဲ့ဝင် များသည် လွတ်လပ်ရေးအကျိုး၊ လွတ်လပ်ရေးအမှန်ကို ထောက်ထားနိုင်ကြ သဖြင့် အစည်းအဝေးများတွင် အချင်းချင်း အပေးအယူပြုနိုင်ကြ၍ လွတ်လပ် ရေး ရခဲ့ကြသည်ကို ကျွန်တော် ပြေးသတိရလိုက်မိပါသည်။

ထိုအခါ ဖက်တီးကြီးက "အပေးအယူ . . အပေးအယူ . . သိပ်မလွယ် ဘူးဗျနော်၊ သဘောကြီးကြီး ထားနိုင်ကြမှ တော်ကာကျမှာ၊ တရားလက်မလွှတ် မှ တော်ကာကျမှာ၊ သတိရတာ ရှိသေးရင် ဆက်ဦးဗျာ" ဟု ဆိုပြန်ပါသည်။

mgyoe.com

mgyoe.com

SAMPLE BOOK

ထို့ကြောင့် ကျွန်တော်က ဆက်၍ "သတိရတာ တစ်ခု ရှိသေးတယ်၊ တိရစ္ဆာန်ရုံ ဖြစ်တော့မှာပဲတဲ့ဗျ" ဟု ဆိုလိုက်ရာ ငေးတွေနေသော ဖက်တီးကြီး သည် အိပ်နေရာမှ လန့်နိုးလာသည့်အလား "ဘာဗျ ဘာဗျ . . တိရစ္ဆာန်ရုံ ဖြစ်မယ်တဲ့လား" ဟု ဆိုကာ အံ့အားသင့်နေပါတော့သည်။ ဖက်တီးကြီး အံ့ အားသင့်မည် ဆိုလျှင် အံ့အားသင့်ထိုက်ပါပေသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်က အဖျားဆွတ်၍ ပြောလိုက်မိသောကြောင့် ဖြစ်ပါသည်။ အရင်းမှ စ၍ ပြောရလျှင် ဤသို့ ဖြစ်ပါသည်။

နိုင်ငံတော်အလံ၊ နိုင်ငံတော်သီချင်း၊ နိုင်ငံတော်တံဆိပ် ကော်မတီ၏ ပထမ နေ့ အစည်းအဝေးတွင် နိုင်ငံတော်အလံကိစ္စကို ဆွေးနွေးကြပါသည်။ အစည်း အဝေး မစခင် အဖွဲ့ဝင်အချို့သည် နိုင်ငံတကာ၏ အမျိုးသား အထိမ်းအမှတ် များအကြောင်း သောင်းပြောင်းထွေလာ ပြောနေကြပါသည်။ ဗြိတိသျှ အထိမ်း အမှတ်သည် ခြင်္သေ့၊ ဂျာမန်အထိမ်းအမှတ်သည် သိမ်းငှက်၊ ဂျပန် အထိမ်း အမှတ်သည် နေတံဆိပ်၊ တရုတ် အထိမ်းအမှတ်သည် နဂါး စသည်ဖြင့် တစ်ယောက်တစ်ပေါက် ပြောနေကြပါသည်။ ထို့နောက် မြန်မာအဖွဲ့ဝင်တစ်ဦး က မြန်မာဒေါင်းအကြောင်းကို ဆက်ပြောရာ ကရင်အဖွဲ့က ကရင်ကျွဲချို အကြောင်းကို ပြောပါသည်။ ထိုအခါ ရှမ်းအဖွဲ့ဝင်က ရှမ်းကျားအကြောင်းကို ပြောရာ ကချင်အဖွဲ့ဝင်က ကချင်အမြီးရှည်ငှက်အကြောင်းကို ပြောပါသည်။ ချင်းအဖွဲ့ဝင်သည် အဖွဲ့ဝင်များ ပြောသွားကြသည်တို့ကို နားထောင်ပြီးနောက် မပြောချင်သလိုလို ပြောချင်သလိုလို အမူအရာဖြင့် "ကျွန်တော်တို့ ချင်းကတော့ နွားနောက်ပဲဗျ၊ ဒါပေမဲ့ အဖွဲ့ဝင်တိုင်းဟာ ကိုယ့်အကြိုက်အတိုင်းသာ ဒါတွေ ကို နိုင်ငံတော်အလံမှာ စုပြုံ ထည့်လိုက်ကြမယ် ဆိုရင် ဒုက္ခပဲဗျို့၊ တိရစ္ဆာန်ရုံ ဖြစ်တော့မှာပဲ" ဟု ဆိုရာ အဖွဲ့ဝင်အားလုံး ရယ်ကြပါသည်။

ဖက်တီးကြီးလည်း ရယ်ပါတော့သည်။ ဖက်တီးကြီးသည် ကျွန်တော် အဖျား ဆွတ် ပြောခဲ့သည်ကို ယခုမှ နားရှင်းသွားသဖြင့် ခွက်ထိုးခွက်လန် ရယ်ပါတော့ သည်။ အားရအောင် ရယ်ပြီးမှ "လူတိုင်းလူတိုင်းဟာ ကိုယ့်အကြိုက်အတိုင်း သာ လုပ်လိုက်ကြမယ် ဆိုရင် ဘာဗျ . . ဘာဗျ၊ တိရစ္ဆာန်ရုံ ဖြစ်မယ်တဲ့လား" ဟု ပြော၍ တဟားဟား ရယ်ပြန်ပါသည်။ ထို့နောက် သူက "ဒီအကြောင်း ကို ဆောင်းပါး ရေးပေးပါလားဗျာ" ဟု ပြောကာ သူ့ပခုံးပေါ်က ဝန်ထုပ်ကို ကျွန်တော့် ပခုံးပေါ် သို့ ပြောင်းပေးခဲ့ပါလေသတည်း။

ငွေတာရီမဂ္ဂဇင်း၊ အမှတ် (၇)၊ ဇန်နဝါရီ ၁၉၆၁။

mgyoe.com

mgyoe.com SAMPLE BOOK

# ပြည်ထောင်စုနှင့် ကျွန်တော်

mgyoe.com

mgyoe.com SAMPLE BOOK

ကျပြည်ထောင်စုယိမ်းသည်
မြန်မာနိုင်ငံသမိုင်းတွင်
ပထမယိမ်း၊ တကာယ့်ယိမ်း၊
သဲ့ယိမ်း၊ အဲမှဲ့ယိမ်း၊
ယိမ်းတကာ့ယိမ်း၊
ယိမ်းဆိုမှယိမ်း ဖြစ်ပါပေသည်

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ညနေတွင် ကျွန်တော်သည် ရှုပ်ထွေးပေပွလျက်ရှိသော ကျွန်တော့်စာစင်ကို ရှင်းနေမိသည်။ စာစင် ရှင်းသည် ဆိုခြင်းမှာ တစ်နည်းအားဖြင့် သိပေါင်းကျွမ်းပေါင်းများကို ပြန်တွေ့ခြင်းတစ်မျိုး ဖြစ်လေသည်။ စာစင်ရှင်းစဉ် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက် ပွဲဦးထွက် လွတ်လပ်ရေးနေ့က ဝေငှ ဖြန့်ချိခဲ့သော စာရွက်စာတမ်း သိပေါင်းကျွမ်းပေါင်းများကို လည်းကောင်း၊ ပြည်ထောင်စု စက္ကူ အလံငယ် သိပေါင်းကျွမ်းပေါင်းများကို လည်းကောင်း ပြန်၍တွေ့ရလေသည်။

စာရွက်စာတမ်းများအနက် တိုင်းပြည်ပြုလွှတ်တော်တံဆိပ် ခတ်သော စာရွက်များလည်း ပါသဖြင့် ထိုတံဆိပ်ကို ကြည့်မိသည်။ တံဆိပ်တွင် မြန်မာနိုင်ငံ၏ပုံသည် အလယ်က ပါ၍ ကနုတ်ရေး ခြသေ့်သုံးကောင်သည် ထိုပုံ၏ ထိပ်နှင့် နံပါးနှစ်ဖက်တွင် ပါကြလေသည်။ မြန်မာနိုင်ငံကို သူရသတ္တိက စောင့်လျက်ရှိသည် ဟူသော အထိမ်းအမှတ်ပေတည်း။ တစ်ဖန် ပြည်ထောင်စု စက္ကူအလံငယ်ကို ကိုင်ကြည့်မိသည်။ အလံငယ်သည် သစ်သစ်လွင်လွင် တောင့်တောင့်တင်းတင်းပင် ရှိသေးသည်။ အလံ၏ လက်ဝဲအထက်ထောင့် အပြာကွက်အတွင်းရှိ အလယ်က ကြယ်ဖြူကြီးသည် နယ်ချဲ့ကို တော်လှန်သော တော်လှန်ရေး အထိမ်းအမှတ်ပေတည်း။ အရန်ကြယ် ငါးလုံးသည် မွန်၊ မြန်မာ၊ ရခိုင်၊ ရှမ်း၊ ကရင်၊ ကချင်၊ ချင်း အစရှိသော တိုင်းရင်းသားများ၏ အထိမ်းအမှတ်ပေတည်း။ သင့်ပေစွ။



mgyoe.com

m.gyoe.com SAMPLE BOOK

စာစင်ကို ရှင်းရင်းပင် နေအတန်ငယ် စောင်းလာ၍ ကျွန်တော့်ခါး အတန်ငယ် တောင့်လာပါသည်။ အညောင်းပြေ လမ်းလျှောက်ရန်မှာ နေနည်းလှလေပြီ။ အညောင်းလည်း ပြေစေတော့၊ သမီးအငယ်ကိုလည်း ချီရစေတော့ဟု အောက်မေ့ကာ သမီးငယ်ကို ရင်ခွင်၌ ပိုက်၍ အိမ်ရှေ့တွင် လူးလာတုံ့ခေါက် စကြံလျှောက်နေမိလေသည်။ သမီးငယ်သည် အိပ်မောကျသွားရှာသည်။ ထိုအခါ စာစင်ရှင်းစဉ်က ပြန်တွေ့ခဲ့ရသော တိုင်းပြည်ပြုလွှတ်တော် တံဆိပ်နှင့် ပြည်ထောင်စုအလံငယ်တို့ကြောင့်လား မသိ၊ သမီးငယ်၏ နောင်ရေးကို တွေးမိလာလေသည်။

နေလုံး မပျောက်တပျောက် အချိန်သည် ဖျော့တော့သော အဆင်းကို ဆောင်သောအချိန် ဖြစ်သည်။ အလင်းလည်း မကုန်တတ်သေး၊ အမှောင်လည်း မရဲတတ်သေး ဖြစ်ရာ ပတ်ဝန်းကျင်သည် မပီမသ မကွဲမပြား ပိုးဝါးမျှသာ ဖြစ်လေသည်။ ဤအချိန်မျိုးသည် တွေး၍ကောင်းသော အချိန်၊ ငေး၍ကောင်းသော အချိန် ဖြစ်ဟန်တူ၏။

သမီးငယ်သည် မြန်မာပြည် လွတ်လပ်ရေး ရပြီးမှ ဖွားမြင်လာသူ ဖြစ်လေသည်။ ကြယ်ကြီးအလယ်၊ ကြယ်ငယ်အရန် ပါသော ပြည်ထောင်စုအလံတော် ရိပ်ကို ခိုလှုံကာ လူ့ဘဝကို ရလာသူ ဖြစ်သည်။ ငါတို့တွင် သင်းကလေးသည် ကံကောင်းလေစွ၊ ကံတော်လေစွ။ ထိုသို့ တွေး၍ ကျွန်တော် ဝမ်းမြောက်သည်။ သာဓုခေါ်မိသည်။ ကျွန်တော်၏အဘိုး၊ သင်းကလေး၏ ဘေးသည် မလွတ်လပ်သူ အဖြစ်ဖြင့် မျက်စိနှစ်လုံး မှိတ်သွားရရှာသည်။ ကျွန်တော်၏အဖ၊ သင်းကလေး၏အဘိုးသည် မလွတ်လပ်သူ အဖြစ်ဖြင့်ပင် မျက်စိနှစ်လုံး မှိတ်သွားရရှာသည်။ သင်းကလေး၏အဖ ကျွန်တော်သည် မလွတ်လပ်သူ အဖြစ်ဖြင့် ကာလအတန်ကြာ နေခဲ့ရသူ ဖြစ်သည်။ သင်းမှာကား လူ့လောကသို့ ရောက်သည်နှင့် တစ်ပြိုင်နက် လွတ်လပ်သော အရိပ်ကို ခိုမိလျက်သား ဖြစ်လေသည်။ ထို့ကြောင့် သင်းကလေးသည် သင်းဘေး၊ သင်းဘိုး၊ သင်းဘတို့ထက် ကံကောင်းလေစွ၊ ကံတော်လေစွ။

တစ်ဖန် စဉ်းစားမိပြန်သည်။ ကျွန်တော်၏ အဘိုးသည် လွတ်လပ်သူ အဖြစ်ဖြင့် လူ့ဘဝကို ရခဲ့သူ ဖြစ်သည်။ ကျွန်တော်၏ အဖသည်လည်း လွတ်လပ်သူ အဖြစ်ဖြင့်ပင် လူ့ဘဝကို ရခဲ့သူ ဖြစ်လေသည်။ သို့ရာတွင် သူတို့နှစ်ဦးစလုံးပင် မလွတ်လပ်သူ ဘဝသို့ ပြောင်းခဲ့ကြရ၍ မလွတ်လပ်သူ အဖြစ်

mgyoe.com
SAMPLE BOOK

ဖြင့် မျက်စိနှစ်လုံး မှိတ်သွားကြရရှာသည်။ သူတို့သည် အစ၌ လွတ်လပ်သူ အဖြစ်ဖြင့် ပွဲထွက်နိုင်ကြသော်လည်း အလယ်နှင့် အဆုံးတို့၌ကား မလွတ်လပ်သူ အဖြစ်ဖြင့် ပွဲသိမ်းသွားကြရှာသည်။ ပွဲဦးအထွက် ကောင်းကြသော်လည်း ပွဲသိမ်းအဝင် ညံ့ကြရရှာလေသည်။ ဤအချက်သည် ဆင်ခြင်ဖွယ် ဖြစ်၏။ အစ ကောင်းမှ အနှောင်း သေချာသည်ဟု ဆိုရိုးစကား ရှိလေသည်။ ကျွန်တော့်အဘိုးသည် ဘဝအစ ကောင်းခဲ့ပါသည်။ ကျွန်တော့်အဖသည်လည်း ဘဝအစ ကောင်းခဲ့ပါသည်။ သို့ရာတွင် သူတို့ မျက်စိနှစ်လုံး မှိတ်သွားကြသော အချိန်ကာလသည် မလွတ်လပ်သော အချိန်ကာလ ဖြစ်သဖြင့် သူတို့သည် ဘဝအနှောင်း မသေချာ ဖြစ်ခဲ့ကြရလေသည်။ ထို့ကြောင့် အစပင် ကောင်းသော်လည်း အနှောင်း မသေချာသော သဘောသည်လည်း လောက၌ ရှိတတ်ပါသေးသည်တကား။ ကျွန်တော့်သမီးငယ်သည် သူ့ဘေး၊ သူ့ဘိုးတို့ကဲ့သို့ ဘဝအစ ကောင်းသည်ဟု ဆိုထိုက်လှပါ၏။ သို့ရာတွင် သူ့ဘေး၊ သူ့ဘိုးတို့ကဲ့သို့ ဘဝအနှောင်း မသေချာ ဖြစ်ပါလိမ့်မည်လော။ ကျွန်တော် တွေးတောမိသည်၊ ရင်လေးမိသည်။

တစ်ဖန်ဆက်၍ စဉ်းစားမိပြန်သည်။ လွတ်လပ်ခြင်း ဆိုသည်မှာ အဘယ်နည်း။ ကျွန်တော်တို့ တိုင်းပြည်တွင် လွန်ခဲ့သော စစ်အတွင်းက ရန်သူ့လက်ချက်ကြောင့် လူစီးကုန်တင် မီးသင်္ဘော အမြောက်အမြားသည်လည်း မြစ်ထဲတွင် ရေနစ် ပျက်စီးကုန်ကြရသည်။ ထိုအခါ မော်တော် လှေငယ်၊ မော်တော် သမ္ဗန်ငယ်တို့သည် အလျှိုလျှို ပေါ်လာကြလေသည်။ ထိုလှေငယ်၊ ထိုသမ္ဗန်ငယ်တို့သည် ယခင်က မီးခိုးတလူလူနှင့် တင့်တယ်သော မြစ်လမ်းတွင် ကုန်ပစ္စည်းနှင့် ခရီးသည်တို့ကို သယ်ယူကာ ယခင်က မီးသင်္ဘောကြီးများ၏ တာဝန်ကို ယူ၍ ခုတ်မောင်း သွားလာကြရလေသည်။ ထိုလှေငယ်၊ ထိုသမ္ဗန်ငယ်တို့၌ ဖြစ်သလို တပ်ဆင်ကြရသော စက်တို့သည် မီးသင်္ဘောစက်ကြီးများကဲ့သို့ စိတ်ချကြရသည် မဟုတ်ချေ။ စက် ခဏခဏ ပျက်တတ်ကြသဖြင့် ခဏခဏ ကမ်းကပ်ကြရလေသည်။ ထို့ကြောင့် သွားကြရမည့် ခရီးလမ်းအတွက် စိတ်စနောင့်စနင်း ဖြစ်ကြရသည်။ သို့ရာတွင် စက်ပျက်တုံ၊ ကမ်းကပ်တုံဖြင့်ပင် လိုရာခရီးသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ခဲ့ကြလေသည်။ မီးသင်္ဘောကြီးများ မရှိဘဲနှင့်လည်း ဖြစ်ကောင်းစွ။ ကျွန်တော် အားတက်လာမိသည်။ ကိုယ့်အားကို ကိုးစားချင်စိတ် ပေါက်လာလေသည်။


mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်တို့စီးသော မော်တော် သမ္ဗန်ငယ်သည် တောမြို့ တစ်မြို့မှ ရန်ကုန်မြို့သို့ ခုတ်မောင်း ဆန်တက်လာရာ တွံတေးဝသို့ ရောက်သည်။ မော်တော်လှေငယ် တစ်စင်းသည် ရန်ကုန်မှ စုန်ဆင်းလာရာ တွံတေးဝသို့ ရောက်သည်။ ကျွန်တော်တို့သည် ရန်ကုန်မှ စုန်ဆင်းလာသော မော်တော်လှေငယ် ယက်ပန်းစားလာသည်ကို ရှေးဦးစွာ တူရူ၌ မြင်ရသည်။ ထို့နောက် ထိုမော်တော် လှေငယ်သည် လှိုင်းလုံး တောင်ပံကြီးများကို ဖြန့်ကာ ကျွန်တော်တို့ အနီးသို့ ချဉ်းလာလေသည်။ ထို့နောက် တစ်စင်းနှင့်တစ်စင်း ဖြတ်သွားကြသည်။ သူ့လှေငယ်ကလည်း လက်မြှောက်၊ ထီးမြှောက် နှုတ်ဆက် ဆူညံသွားသည်။ ကျွန်တော်တို့ သမ္ဗန်ငယ်ကလည်း လက်မြှောက်၊ ထီးမြှောက် နှုတ်ဆက် ဆူညံသွားသည်။ မီးသင်္ဘော ရှိမှလား၊ မီးသင်္ဘော မရှိဘဲနှင့်လည်း လိုရာ အရပ်သို့ ရောက်နိုင်သည် မဟုတ်ပါလား။ ကျွန်တော် ပို၍ အားတက်လာသည်။ ပို၍ ကိုယ့်အားကို ကိုယ် ကိုးစားချင်လာသည်။ ကျွန်တော်၏ စိတ်မျက်စိတွင် လွတ်လပ်ရေးကို ဝင်းခနဲ လက်ခနဲ မြင်လိုက်သလို ဖြစ်လာမိသည်။

ကျွန်တော်တို့ နိုင်ငံသည် ယခုအခါတွင် လွတ်လပ်သော နိုင်ငံဘဝကို ရခဲ့ပြီ။ ကိုယ့်အလံနှင့်၊ ကိုယ့်တံဆိပ်နှင့်၊ ကိုယ့်သမ္မတနှင့်၊ ကိုယ့်ပါလီမန်နှင့်၊ ကိုယ့်အစိုးရနှင့်၊ ကိုယ့်စစ်တပ်နှင့် ဖြစ်နေပြီ။ ကမ္ဘာ့ပွဲလယ်မှာ အိမ်တစ်ဆောင် မီးတစ်ပြောင်နှင့် လူတစ်လုံး သူတစ်လုံး လုပ်နေပြီ။ ထိုသဘောကား အဘယ်နည်း။ ထိုသဘောကား အခြား မဟုတ်။ ပြည်သူတိုင်းသည် ကိုယ့်အားကို ကိုယ် ကိုးစားရမည် ဟူသော သဘောပင် ဖြစ်သည်။ ကျွန်တော့်ရင်ခွင်၌ အိပ်ပျော်နေသော သမီးငယ်သည် လူလားမြောက်လာသောအခါ သူ့အားကို သူ ကိုးစားနိုင်သော သတ္တိ ရှိပါလိမ့်မည်လော။ ကျွန်တော် တွေးတောမိသည်။ ရင်လေးမိသည်။

ဤသို့ဖြင့် ကျွန်တော့်ရင်ခွင်၌ အိပ်ပျော်နေသော သမီးငယ်၏မျက်နှာကို ကြည့်ကာ အိမ်ရှေ့တွင် လူးလာတုံ့ခေါက် စင်္ကြံလျှောက်ရင်း ကျွန်တော် တွေးတော ရင်လေးခဲ့မိလေသည်။ သူ့ဘဝသည် အစ အလယ် အဆုံး သုံးပါး စလုံး၌ပင် လွတ်လပ်ဖို့ လိုသည်။ သူ့အားကို သူ ကိုးစားတတ်ဖို့ လိုသည်။ သူ့တွင် လွတ်လပ်လိုသော ဆန္ဒ ရှိပါမည်လော။ သူ့အားကို သူ ကိုးစားလိုသော ဆန္ဒ ရှိပါမည်လော။ ရှိမည် မုချ။ ရှိအောင်လည်း ကြိုတင် ဖန်တီးပေးရမည်

mgyoe.com

mgyoe.com
SAMPLE BOOK

ဖြစ်သည်။ လွတ်လပ်လိုသော ဆန္ဒကို လည်းကောင်း၊ သူ့အားကို သူ ကိုးစားလိုသော ဆန္ဒကို လည်းကောင်း သူ တစ်နှစ်ပြီးတစ်နှစ် ပွင့်လန်းလာသည်နှင့် အမျှ သူ ကစားသော ကစားစရာ၌ ဖန်တီးပေးသင့်သည်၊ သူ ဖတ်သော စာအုပ်ငယ်၌ ဖန်တီးပေးသင့်သည်၊ သူ့မျက်စိ၊ သူ့နား၊ သူ့နှာ၊ သူ့လျှာ၊ သူ့အတွေ့၊ သူ့အတွေးတို့၌ ဖန်တီးပေးသင့်သည်။ ထိုသို့ ဖန်တီးပေးနိုင်လျှင် သူ့ဘဝ အစ အလယ် အဆုံး သုံးပါးစလုံး လွတ်လပ်မည် မုချဖြစ်သည်။ သူသာ မကသေး။ သူ့သား၊ သူ့မြေး၊ သူ့မြစ်၊ သူ့တီ၊ သူ့ကျွတ်၊ သူ့သွေးသား တသီတတန်းကြီးပါ သူကဲ့သို့ လွတ်လပ်ကြမည် မုချဖြစ်လေသည်။

ဖန်တီးပေးရန် တစ်ခု ကျန်ပါသေးသည်။ ကျွန်တော်တို့ နိုင်ငံသည် လွတ်လပ်ရေးကို ရသည်နှင့် တစ်ပြိုင်နက် ပြည်ထောင်စုနိုင်ငံ ဖြစ်လာသည်။ ပြည်ထောင်စုဟု ဆိုသဖြင့် ကျွန်တော်တို့နိုင်ငံသည် ပုဂံခေတ်က တိုင်းပြည်မျိုး မဟုတ်တော့ပြီ။ တောင်ငူခေတ်က တိုင်းပြည်မျိုး မဟုတ်တော့ပြီ။ ကုန်းဘောင်ခေတ်၊ အင်္ဂလိပ်ခေတ်က တိုင်းပြည်မျိုးလည်း မဟုတ်တော့ပြီ။ ရုပ်ရော နာမ်ရော အကုန် ပြောင်းပြီ။ ပြည်ထောင်စု၏ နယ်နိမိတ်အတွင်းရှိ ဒေသသည် ဗမာတစ်မျိုးတည်း၏ အကျိုးအတွက်လည်း မဟုတ်၊ ရှမ်းတစ်မျိုးတည်း၏ အကျိုးအတွက်လည်း မဟုတ်၊ ကရင်တစ်မျိုးတည်း၏ အကျိုးအတွက်လည်း မဟုတ်၊ ကချင်တစ်မျိုးတည်း၏ အကျိုးအတွက်လည်း မဟုတ်၊ ချင်းတစ်မျိုးတည်း၏ အကျိုးအတွက်လည်း မဟုတ်။ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း၊ ကရင်၊ ကချင်၊ ချင်း အစရှိသော တိုင်းရင်းသားအားလုံး၏ အကျိုးအတွက်သာ ဖြစ်သည်။ တိုင်းရင်းသား အားလုံး စုပေါင်း ပိုင်ဆိုင်သော အမွေဆိုင်ပစ္စည်းသာ ဖြစ်သည်။ ထို့ကြောင့် ကျွန်တော့်သမီးငယ်သည် သွေးတူသားတူ တိုင်းရင်းသား၊ တစ်မြေတည်းနေ တစ်ရေတည်းသောက် တိုင်းရင်းသား၊ တစ်လှေတည်းစီး တစ်ခရီးတည်းသွား တိုင်းရင်းသားတို့ကို လေးစား ချစ်ခင်တတ်ဖို့ လိုပေသေးသည်။ သူတို့နှင့် တစ်စိတ်တစ်ဝမ်းတည်း ဖြစ်ဖို့ လိုပေသေးသည်။ ထိုအချက်ကိုလည်း ကြိုတင်၍ ဖန်တီးပေးသင့်လေသည်။

ကျွန်တော့်သမီးငယ်သည် ကျွန်တော်ကဲ့သို့ကား မဖြစ်စေသင့်၊ မဖြစ်စေရ။ ကျွန်တော် ပြန်၍ စဉ်းစားကြည့်မိသည်။ ကျွန်တော်တို့ ငယ်စဉ်က ကျွန်တော်တို့သည် တိုင်းရင်းသားများအကြောင်းကို အတော် မသိသား ဆိုးရွား ဖြစ်ခဲ့


mgyoe.com